Bibliographic Data

Author	ဘရှင် ၊ ဗိုလ်မှူး	BA SHIN, Col.	Ba Rhan‘ , Buil‘ mhu"	**Art.** BS0002

Article Title ပုဂံခေတ် ဖွားစောများ

The Pwa Saws of Bagan

Pugam khet‘ phva¯" co mya¯"

Title (Book/Serial) ဌေရတုသဘင် အထိမ်းအမှတ် ပုံနှိပ်ပြီး စာတမ်းစု

Burma Historical Research Department Silver Jublice publication

Issue and Volume

Edition

Place/ Publisher နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန

Historical Research Department

Distributor

Ed. Date 1982

Pagination p. 22 - 25

Annotation Paper read at the first Union of Burma Literary and Social Sciences Conference held on 23rd March 1966. In the Bagan period three queens named Pwa Saw were well known. They were important advisors to the kings who ruled during their lives. The author observes that Bagan inscriptions document several queens named Saw; three Pwa Saws were described: (1) Min Waing Pwa Saw (2) Saw Hla Wun Pwa Saw, and (3) Thitmathi Pwa Saw. They were clever and participated in the administration of the country.

Subject Terms

1. Pwa Saw, 1st (Min Waing Pwa Saw) 1230 - 1287
2. Pwa Saw, 2nd (Saw Hla Wun Pwa Saw) 1262 - 1296
3. Pwa Saw, 3rd (Thitmathi Pwa Saw) 1295 - 1334
4. Myanmar - History - Bagan period, 1044 - 1287

Key Words

ပုဂံခေတ် ဖွားစောများ*

ဗိုလ်မှူး ဘရှင်

မြန်မာရာဇဝင်တွင်လာရှိသော ပုဂံတရုတ်ပြေးမင်းကြီး၏မိဖုရား ဖွားစော သို့မဟုတ် မိဖုရားစောကို အမျိုးသမီးများ စံနမူနာယူထိုက်သည့် သမိုင်းဝင် အမျိုးသမီးကြီးဟု မြန်မာနိုင်ငံ၌ အသိများကြသည်။ စစ်မဖြစ်မီကာလက မြန်မာနိုင်ငံ ပဋိညာဉ်ခံဝန်ထမ်း အရေးပိုင်ဟောင်း ဗြိတိသျှ အမျိုးသားစာရေးဆရာ မစ္စတာမောရစ်ကော့လစ်သည် ရာဇဝင်ကျမ်းလာအချက်များကို အခြေပြု၍ ရေးသားအပ်သော "She was a Queen" ခေါ် ရာဇဝင်ဝတ္ထုစာအုပ်ဖြင့် မိဖုရားစော အကြောင်းကို ဖော်ထုတ်ခဲ့၏။ ထိုခေတ်လောက်ကပင် ဒေါ် သန်းအေးကလည်း ဓာတ်ပြားသီချင်းဖြင့် မိဖုရားစောကို ဂုဏ်ပြုခဲ့ပြန်သည်။

စစ်ပြေးရာမှ ပြန်အလာတွင် မိဖုရားစောက တရုတ်ပြေးမင်းအား "ပြည့်ဝမ်းကို မဖောက်ရာ" ဆိုသော မင်းတို့ကျင့်ရာ၊ ဆင်ရာ တရားနှင့် ပြစ်တင်ဆုံးမခဲ့သည်ဟူသောအချက်ကို မြန်မာသတင်းစာ အချို့တွင် လွှန်ခဲ့သောနှစ်အတွင်းက စောဒကတက်ခဲ့သည်ကို သတိရမိပါသည်။ ဤသို့ မိဖုရားစော နှင့် စပ်လျဉ်း၍ စောဒကတက်လာသောအခါတွင် မြန်မာနိုင်ငံသမိုင်းသုတေသီတို့သည် မိဖုရားစော အကြောင်းကို အာရုံပြုလာမိကြပြန်သည်။

ခေတ်ပြိုင်ဖြစ်သော မူရင်း အထောက်အထားများကို သိပ္ပံနည်းကျစွာ သုတေသနပြု၍ သိရှိရသော အချက်အလက်တို့သည် အစဉ်အလာ မှတ်သား တွေးထင်လာမှုတို့အားဖြင့် သိရသော အကြောင်းအချက်တို့ထက် ပိုမိုတိကျမှန်ကန်၍ ယထာဘူတကျသည်ဖြစ်ရာ –

(၁) အထက်တွင်ဆိုခဲ့သော ပုဂံခေတ်မိဖုရားစောမှာ တပါးတည်းမဟုတ်၊ အနည်းဆုံး မိဖုရားစော ၂ ပါးတို့ ပေါင်းစပ်၍ သိမှီသမျှ တပါးတည်းဖြစ်သည်ဟု မှားယွင်းစွာ ယူဆထားချက်ပေလောဟုလည်းကောင်း၊

(၂) ဤ မိဖုရားစောဖြစ်စဉ်၏ အချို့ကဏ္ဍတို့မှာ ဒဏ္ဍာရီဆန်နေသည့် အားလျော်စွာ

---

* ပုဂံခေတ်ဖွားစောများ။ ပြည်ထောင်စုမြန်မံာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် (၁၉၆၈)၁၊ ၅၉၃–၆၁၃။ ပုဂံ နရသီဟပတေ့(၁၂၅၆–၁၂၈၇)၏ မိဖုရားကြီး တောင်သူကြီးသမီးတဦးတည်းကိုသာလျှင် ဖွားစော အမည်ခံသည့် ပုဂံခေတ်အမျိုးသမီးအဖြစ် မြန်မာရာဇဝင်ကျမ်းတို့တွင် ဖော်ပြထား၏။ ပုဂံခေတ်ကျောက်စာ မင်စာတို့တွင် စော အမည်ခံပုဂ္ဂိုလ်အတော်များများရှိ၍ ဖွားစောအမည်ခံ မိဖုရားကြီးသုံးပါးရှိသည်ကိုရှာဖွေတွေ့ရသည်။ ကျောက်စာ လာ ဖွားစောသုံးဦးအနက် ပဌမဖွားစောမှာ နရသိဆ်ဥဇနာမင်း (၁၂၃၀ • ခ • ၁၂၃၅)၏ မိဖုရား။ ဥဇနာမင်း (၁၂၄၉–ခ–၁၂၅၆)၏ မယ်တော်၊နရသီဟပတေ့၏ ဖွားတော်ဖြစ်၏။ ဒုတိယဖွားစောမှာ ကျစွာမင်း (၁၂၃၅–၁၂၄၉–ခ)၏ မြေးတော်၊နရသီဟပတေ့မင်း၏ မိဖုရားဖြစ်၏။ တတိယဖွားစောမှာ ဒုတိယဖွားစော၏ ညီမအရင်း၊ အစ်မကွယ်လွန်ပြီးနောက် ကျော်စွာမင်း(၁၂၈၈–၁၂၉၈)လက်ထက် မိဖုရားကြီးအဖြစ် ဆက်လက် မြှောက်စား ခံရသူဖြစ်သည်။ သမိုင်းနှင့်ဘာသာဗေဒ အထောက်အထားသစ်များအရ စောသည် စဝ်ဖြစ်၍ ရင်းမြစ်မှာ ထိုင်း တရုတ် ဖြစ်သည်ထက် တိဗက်မြန်မာ ပို၍ဖြစ်နိုင်သည်။

မိဖုရားစောကို တောက်ပြောင်သည်ထက် တောက်ပြောင်စွာ ဆေးခြယ်နိုင်ရန် ထိုကဲ့သို့ မင်းတို့ကျင့်ရန် တရားများကို ရာဇဝင် ရေးခဲ့သူတို့က မိဖုရားစော၏ နှုတ်ခံတွင်းထဲသို့ တမင်ထည့်ပေး၍ မင်းကိုပင် အပြစ်တင်ကာ ဟောပြောစေခဲ့လေသလော၊ ယင်းတရားတို့ကို မိဖုရားစောက ဟောပြောခဲ့သည် ဆိုသည်မှာလည်း သူငယ်စဉ်က နဂါးမိုးခြင်း ခံခဲ့သည် ဆိုသကဲ့သို့ပင် ဒဏ္ဍာရီ ဆန်လေမည်လော ဟုလည်းကောင်း သံသယရှိဘွယ်ရာ ဖြစ်နေပေသည်။

မိဖုရားဖွားစောများအကြောင်းနှင့် ယင်းမိဖုရားတို့ ပါဝင်ကျင်လည်၍ စခန်းသွားခဲ့ရသော ပုဂံခေတ်နောက်ပိုင်း၏ သမိုင်းစဉ်ကို ယထာဘူတကျသောသမိုင်းစဉ်ဝါဒအရ သုတေသနပြုမှုတွင် သိထားသောအချက်ကို အခြေပြု၍ မသိရသေးသောအချက်ကို ရှာဖွေသုတေသနပြုရန် လိုအပ်ပေသည်။ ဤနည်းအရ လေ့လာသုတေသနပြု၍ ရှိရင်းစွဲအတိုင်း ဖော်ထုတ်နိုင်ရန် ရာဇဝင်ကျမ်းလာ မိဖုရားစောအကြောင်းကို အကျဉ်းအားဖြင့် ရှေးဦးစွာဖော်ပြရန် လိုပေသည်။

မိဖုရားစောသည် မင်းဆွေ မင်းမျိုး မဟုတ်၊ ပုပ္ပားတောင်အနီးရှိ ဆိတ်ထိန်းကမ်းဖြူရွာမှ တောင်သူကြီး၏သမီး ဖြစ်သည်။[၃] နောက်ပိုင်းတွင် သူကြွယ်သမီးဟု ဆိုသည်။[၄] ဖဝါးခြေသင်သွားတတ်သော် ယာခင်းသို့ ခေါ်သွား၍သိပ်ထားစဉ် မြွေငန်းကြီးတကောင်က ခွေရစ်၍ ပါးပျဉ်းနှင့် မိုးပေးသည်ဆိုသော အံ့ဘွယ်သရဲရှိသည့် ဖြစ်ရပ်သည် ဖြစ်ခဲ့၏။ ၁၂ နှစ်အရွယ် ရောက်ပြန်သော် မြတ်လေးတရုံစိုက်ရာတွင် မြတ်လေးပန်းသာမက ပုန်းညက်၊ ချရား၊ စကားပန်းများပါ ပွင့်သည် ဆိုသော ဒုတိယအကြိမ် အံ့ဘွယ်သရဲရှိသော ဖြစ်ရပ်သည် ဖြစ်ခဲ့ပြန်၏။[၅]

ယင်းသို့ အံ့ဘွယ်သရဲရှိသော ဖြစ်ရပ်တို့နှင့် ဆက်စပ်နေသော အမျိုးသမီးငယ်ကို ပုဂံပြည် ဥဇနာမင်းသည် ကောက်ယူတော်မူ၍ "အပါးတော်ဝယ် ဝတ်ထိစပါး စေတော်မူ၏။" ယားသည်ဆိုရုံနှင့် ယားရာကိုသိ၍ ဖျောက်နိုင်စွမ်းသော ဥာဏ်ရှိသဖြင့် မိဖုရားလည်းမကျ၊ မောင်းမလည်းမက မြှောက်စားတော်မူသည်။ ဥဇနာမင်း နတ်ရွာစံ၍ မင်းခွေးချေး နန်းတက်သော် ဤအမျိုးသမီးကို မိဖုရားစော ဟူသောအမည်ဖြင့် မိဖုရား မြှောက်တော်မူသည်။[၆]

မိဖုရား ဖြစ်သည်ဆိုလျှင်ပင် ဩဇာတိက္ကမ ကြီးလာသည်။ သူသည် တရုတ်ပြေးမင်း၏ တပါးတည်းသော မိဖုရားကြီးဖြစ်၏။ အခြားမိဖုရား ၅ ပါးမှာ မိဖုရားငယ်များ ဖြစ်သည်။ တပါးမှာ မိဖုရားစောအစ်မ၏ သမီး စောနန်း ဖြစ်သည်။[၇] မိဖုရားကြီးသည် မင်းကြီး၏ ကိုယ်ရေးကိုယ်တာ ကိစ္စတွင်သာမက တိုင်းရေး ပြည်ရာတို့တွင်လည်း ဝင်ရောက် အကြံဉာဏ်ပေးခြင်း၊ နည်းလမ်း ညွှန်ပြခြင်းတို့ဖြင့် မင်းကြီးကို ကူညီခဲ့လေသည်။

ရာဇဒဏ်နှင့် ဒလသို့ ပို့ထားခြင်းခံရသော ရာဇသင်္ကြံကို ပြန်ခေါ်ရန် မိဖုရားစောက အကြံပေး၍ပြန်ခေါ်ရသည်။ မစ္ဆဂီရိသို့စစ်ချီရာ သူစစ်မရောက်ခင် တပ်ပျက်ခဲ့သော တွင်းသင်းမှူး သရေပစ္စပတေ့ကို မင်းကြီးက သေဒဏ်ပေးရာတွင် ရာဇသင်္ကြံကယ်၍ လွတ်ရသည်။ မိဖုရားစောက အကြံပေးချက်အရ မင်းကြီးသည် ထို သရေပစ္စပတေ့ကိုပင် တွင်းသင်းကို မှူးစေခဲ့၏။[၈]

ရွှေတော်တွင် ချေသမ်းမိသူကို မျက်တော်မူသော မင်းကြီး၏ဓလေ့ဆိုးကို ချွတ်ခဲ့သူ၊အိပ်ရာထတွင် နီးရာနှင့်ပစ်ခတ်တတ်သော မင်းကြီး၏ဓလေ့ဆိုးကို ပြုပြင်ပေးသူ၊ စောလုံကို ကွပ်မျက်စေပြီး နောက်မှ နောင်တရသောမင်းကြီးကို သတိပေးခဲ့သူ၊ မင်းကြီး၏ စားတော်ခွက် ၃၀၀ ကို စာရင်းကမ္မည်းနှင့် နိစ္စမပြတ် စစ်ကြောစီရင်ရသူ၊ တရုတ်စစ်ပြေးရာမှအပြန် ဟင်းခွက် ၁၅၀ သာရ၍ မင်းကြီး

ငိုသည်ကို တရားပြသူ၊ ပုဂံအရောက် မဆန်သင့်ကြောင်းတားရ၍ "ပြည်ဝမ်းကို မဖောက်ရာ၊ ပြည်ဦးကင်းကို မနှိမ်ရာ" စသည် မင်းတို့ကျင့်ရန်၊ ဆင်ရန် တရားများကို မင်းကြီးအား ဟောပြောပြစ်တင်သူ၊ ပြည်တွင် သားတော် သီဟသူ၏ လူများက မင်းကြီးအား လုပ်ကြံရန်လာသည်တွင် ဆေးထည့်သော စားတော်ကို စားရ၍ ကြမ္မာကုန်ခြင်းက မြတ်သည်ဟု အကြံပေးသူ (ယင်းအကြံပေးချက်အရ မင်းကြီးသည် အဆိပ်ယူခဲ့၏)မှာ ဤမိဖုရားစောပင် ဖြစ်ကြောင်း ရာဇဝင်တို့က ဆို၏။[7]

အုပ်ချုပ်ရေးနှင့် မင်းကြီး၏ သေရေး၊ရှင်ရေး၌ပင် အရေးပါ အရာရောက်လှစွာ သြဇာတိက္ကမကြီးသော မိဖုရားစောသည် တရုတ်ပြေးမင်း နတ်ရွာစံပြီးနောက် ပုဂံထီးနန်းတွင် မိမိနှစ်ချိုက်သူကို နန်းတင်ခြင်း၊ နန်းချခြင်းပင် ပြုနိုင်သူဖြစ်ကြောင်း ရာဇဝင်ကျမ်းတို့က ဆိုပေသည်။

တရုတ်ပြေးမင်း နတ်ရွာစံပြီးနောက် မိဖုရားစောသည် မှူးမတ်တို့နှင့် စုရုံးတိုင်ပင်၍ ဒလစားကျော်စွာကို မင်းမြှောက်သည်။ တဖန် ထိုကျော်စွာမင်းသည် ကြာသော် မိဖုရားစောကို "အတိုင်ပင်မရှိ မေ့ကျန်တော်မူ"သဖြင့် မိဖုရားစောသည် လယ်တွင်း ၁၁ ခရိုင်၌ ကြီးစိုးနေသော ရှမ်းညီနောင် ၃ ပါးတို့အား မိမိ၏သစ္စာကိုခံစေ၍ ကျော်စွာမင်းအား ကျောက်ဆည် သာလျောင်း ဘုရားဖူးရန် ပင့်ခေါ်ခဲ့၏။ ထိုနောက် မြင်စိုင်းမြို့သို့ ဖြားယောင်းခေါ်ယူပြီးလျှင် မြင်စိုင်းတွင် ရဟန်းဝတ်စေ၍ နန်းချခဲ့သည်။ နောက်ဆုံး တရုတ်တပ်တို့ မြင်စိုင်းကို ဝိုင်းရံလာသောအခါ ညီနောင် ၃ ဦးတို့သည် ကျော်စွာမင်းကို လုပ်ကြံကြလေသည်။[8] ဤကား ရာဇဝင်ကျမ်းများတွင်လာရှိသည့် နန်းတင် နန်းချမှုတို့ကိုပင် ပြုနိုင်သည့် မိဖုရားစော၏ အာဏာနှင့်စွမ်းရည် ဖြစ်သည်။

ကျော်စွာမင်း လုပ်ကြံခံရပြီးနောက် မိဖုရားစောသည် ပုဂံသို့ပြန်၍ ပုဂံအနီး သစ်မထီးအရပ်၌ ကျောင်း ဘုရားတည်ဆောက်ခဲ့ကြောင်းနှင့်သက္ကရာဇ် ၆၇၄ ခု၊ပင်းယနန်းတည်ပြီး၍ နန်းဖွင့်အစီအရင်ပြုလုပ်ရာတွင် သီဟသူမင်း၏ ဖိတ်ကြားချက်အရ မိဖုရားစော သွားရောက် စီရင်ပေးခဲ့ရကြောင်း နောက်ဆုံး သိရပေသည်။[9]

ရာဇဝင်ကျမ်းတို့တွင် ဖွားစောအမည်ခံ နောက်ထပ် အမျိုးသမီးတဦး ပါရှိသေးသည်။ ထိုအမျိုးသမီးမှာ နန်းကျကျော်စွာမင်း၏ မိဖုရား မိစောဦး ဖြစ်သည်။ ကျော်စွာမင်း မရှိသော် သီဟသူသည် မိစောဦးကို ဖွားစောအမည်ပေး၍ မိဖုရားမြှောက်သည်ဟု ဆိုပေသည်။[10] ထို ဖွားစောမှာ ပုဂံခေတ်ကုန်ပြီးမှ တွင်လာသော ဖွားစော ဖြစ်သည်ဟု ဆိုရပေမည်။[11]

အပိုင်း ၂

စဝ်ဝေါဟာရ၏ရင်းမြစ်

ခေတ်ပြိုင် မူရင်း အထောက်အထားတို့မှ သိရသော ဖွားစောအမည်ခံ ပုဂံခေတ် အမျိုးသမီးတို့၏ အကြောင်းကို မဆိုမီ "ဖွားစော" အမည်တွင် ပါဝင်နေသော "စော" ဝေါဟာရ၏ ရင်းမြစ်နှင့် စပ်လျဉ်း၍ ဤနေရာတွင် ဆွေးနွေးတင်ပြလျှင် ဆီလျော်မည် ထင်ပါသည်။

စော(စဝ်)မှာ နန်စော (နန်ကျောက်) ရှမ်းတို့၏ ဘွဲ့မည်တခုဖြစ်ကြောင်း၊ နန်စောတွင် စောမှာ တဲ (ထိုင်ရှမ်း) စကားဖြစ်၍ မြန်မာဝေါဟာရ မင်းနှင့်တူကြောင်း၊ စော်ဘွားမှာလည်း

ဤစောမှ ဆင်းသက်လာသော စကားပင်ဖြစ်သည်ဟု ယူဆကြောင်း ဒေါက်တာ ဂျီ၊ အိပ်(ချ်)၊ လု(စ်) က ဆိုပါသည်။[၁]

နန်စော၏ ယခုခေတ် အသံထွက်မှာ (နန်ကျောက်) ဖြစ်ပါသည်။ နန်ကျောက်မှာ တရုတ်စကား နန်=(တောင်ဖက်)နှင့် ထိုင်(ရှမ်း)ကျောက် (စော=မင်း)တို့ကို ပေါင်းစပ်ထားသော စကားဖြစ်သည်ဟု ဆိုပါသည်။ (နန်ကျောက် နန်စော)သည် ရှမ်းတို့၏ ရှေးဟောင်းနိုင်ငံ ဖြစ်သည်ဟူသော အယူအဆကို နောက်ထပ် ဆောင်ရွက်သိရှိသော သုတေသနပြုမှုများမှ ပြခဲ့ပြီးဖြစ်သည်။ ဒေါက်တာ လု(စ်)က နန်ကျောက်သည် အားလုံး ရှမ်းမဟုတ်၊ အနည်းဆုံး တစိတ်တဒေသသည် ရှမ်းဖြစ်သည်ဟု ဆိုပါသည်။[၂] ဟောင်ကောင်တက္ကသိုလ် သမိုင်းဌာန ကထိက ဒေါက်တာ ဗလက်မိုးကလည်း နန်ကျောက်သည် ရှမ်းဖြစ်နိုင်သည်ထက် လောလော ပို၍ဖြစ်နိုင်ဘွယ်ရှိကြောင်း ပြောဘူးပါသည်။

နန်ကျောက်တွင်ပါသော ကျောက်သည် ရှမ်း ဝေါဟာရ စဝ်(စော)နှင့် ထပ်တူဖြစ်သည်ဟု ယူရန်ရှိပါသည်။ ရှမ်းဘာသာတွင် စဝ်မှာ အသျှင်သခင်၊ ဧင်းသား မင်း၏ လက်အောက်အဖြစ် အုပ်စိုး သူဟု အဓိပ္ပာယ်ရှိ၏။[၃] သို့သော် နန်ကျောက်တွင် အုပ်စိုးခဲ့သော မင်းတို့တွင် မည်သည့်မင်းမှ ဤ စဝ်ပါသော ဘွဲ့မည်ကို ခံယူသည်ကို မတွေ့ရပါ။ နန်ကျောက်၏ ဒဏ္ဍာရီခေတ် မင်းဟောင်းဖြစ်သော ဖျောင်ကျတီးင်း[၄]၏ ဘွဲ့မည်တွင်ပါသော ကျမှာ စဝ်၏ မူရင်းအသံထွက် ဖြစ်နိုင်ပါသည်။ မြန်မာရာဇဝင် ဒဏ္ဍာရီခေတ် ပြူစောထီးမင်းကို သတိရဘွယ်ဖြစ်၏။ အမည်သာ ဆင်သည် မဟုတ်သော်၊ ဖြစ်ရပ်တို့ကိုလျှင် ဆင်နေသည်ကို တွေ့ရပေသည်။ နန်ကျောက်နှင့် မြန်မာတို့ဌာန ဤဖျောင်ကျတီ(ပြူစောထီး)ဒဏ္ဍာရီ ရှိသည်မဟုတ်သော်၊ ရှေးဦးမြန်မာများ ဖြစ်ကြသော မရှုနှင့် လရှီ လူမျိုးတို့ဌာလည်း ရှိနေကြောင်း စုံစမ်းသိမှတ်ခဲ့ရသည်။ နန်ကျောက်နှင့် ရှေးမြန်မာ ဒဏ္ဍာရီတို့၏ အခြားတူညီချက်တရပ်မှာ သားတို့၏အမည်ကို မှည့်ခေါ်ရာတွင် အဖအမည်၏ နောက်ဆုံးစာလုံးကို အဦးထားပြီး အစဉ်အဆက် မှည့်ခေါ်သည့်စနစ်ရှိခြင်းပင် ဖြစ်သည်။ ဤစနစ်ကို မရှုနှင့် လရှီ တို့သည် ယနေ့တိုင် လိုက်နာကျင့်သုံးလျက် ရှိကြ၏။[၅]

စဝ်(စော)၏ ဧင်းမြစ်မှာ ရှမ်း(ထိုင်)ဖြစ်သည်ဟူသော အချက်နှင့် နောက်ဆုံးအယူအဆအရ နန်ကျောက် အားလုံးသည် ရှမ်းမဟုတ်၊ တစိတ်တဒေသသာ ရှမ်းဖြစ်သည် ဟူသော အချက်တို့ကို လက်ခံလျှင် ထို နန်ကျောက်မင်းတို့က စဝ်ဘွဲ့မခံကြခြင်းကို နားလည်နိုင်ပေသည်။

တားတား(မွန်ဂို)တို့ တိုက်ခိုက်မှုကြောင့် (၁၂၅၂–၅၃)နန်ကျောက် ပျက်ပြားခဲ့ရပြီးနောက် မြန်မာနိုင်ငံ ယခုကျောက်ဆည်ခရိုင်ဖြစ်သော မြစ်သာ ၁၁ ခရိုင်တွင် ကြီးစိုးလာကြသည့် အသခ်ယာ၊ ရာဇသင်္ကြန်နှင့် သီဟသူရ ရှမ်းညီနောင်သုံးဦးတို့၏ အမည်တို့တွင် လည်းကောင်း၊[၆] ယူနန်နယ် အနောက်ပိုင်း တရုတ်မြန်မာနယ်စပ် ရွှေလီမြစ်ဝှမ်းတွင် ၁၄ ရာစုနှစ်များ အလယ်လောက်မှစ၍ ကျေးလန့်ကို မြို့တော်ပြု၍ ပေါ်ပေါက်ခဲ့သော မိုင်းမောနယ် ရှမ်းကြီးစော်ဘွားတို့၏ ဘွဲ့မည်များတွင် လည်းကောင်း၊[၇] မွန်ဂိုခေတ်ကတည်းက တရုတ်ရာဇဝင်ကျမ်းတွင် ဖော်ပြခဲ့၍ ၁၅ ရာစုနှစ်တွင် ထင်ရှားလာခဲ့သော မုပေါင်းခေါ် သိန္ဓနယ်ကြီးတွင် ကြီးစိုးခဲ့သော စော်ဘွားတို့၏ ဘွဲ့မည်များတွင် လည်းကောင်း၊[၈] ၁၅ ရာစုနှစ်များအစလောက်က ထင်ပေါ်လာခဲ့သော မုင်ယာင်ခေါ် မိုးညှင်းနယ်၏ စော်ဘွားတို့၏ ဘွဲ့မည်များတွင်လည်းကောင်း၊[၉] ၁၅ ရာစုနှစ်များ နောက်ပိုင်းတွင် ကျောက်မျက်ရတနာများ တွေ့ရှိ၍ အင်အားကြီးလာကာ သိန္ဓနယ်မှ ခွဲထွက်ခဲ့သော မုမိခေါ် မိုးမိတ်နယ်၏

အစောပိုင်း စော်ဘွားတို့၏ ဘွဲ့မည်များတွင်လည်းကောင်း "စဝ်" မပါမရှိ ဖြစ်သည်ကို တရုတ်ရာဇဝင် ကျမ်းများအရ သိရပေသည်။ နောက်ခေတ်ရေး မိုးမိတ်ရာဇဝင်တော်သစ်၌ပင် နောက်ပိုင်းခေတ် အထူးသဖြင့် ကုန်းဘောင်နှင့် မြိတိသျှခေတ်တို့ရောက်မှ စော်ဘွားတို့၏ ဘွဲ့မည်တို့တွင် "စဝ်"အသုံးကို တွေ့ရ၏။[၂]

ယိုးဒယားနိုင်ငံ ယောနကရဇ္ဇတိုင်း ဇင်းမယ်ခေါ် ကျိုင်းမဲဒေသ၊ ချဲန်ရိုင် ခေါ် ကျိုင်းရဲဒေသ၊ ချဲန်စဲန်ခေါ် ကျိုင်းသေည်ဒေသတို့တွင် အုပ်စိုးသွားကြသော စော်ဘွားတို့အနက် ဇင်းမယ် စော်ဘွား ၁၄ ဦးတွင် ၄ ဦး၊ ချဲန်ရိုင်စော်ဘွား ၁၁ ဦးတွင် ၂ ဦး၊ ချဲန်စဲန်စော်ဘွား ၁၂ ဦးတွင် ၁ ဦးသာ "စဝ်" ဘွဲ့ကို ခံယူကြောင်း နောက်ခေတ်ရေး ယနေ့(က)ယိုးဒယားရာဇဝင်ကျမ်းမှ သိရ၏။[၂]

ဤကဲ့သို့ ခေတ်လယ်အတွင်းက မြောက်ပိုင်းရှမ်းနယ်များတွင် စဝ်ကို စော်ဘွားတို့ အမည်တွင် မသုံးခဲ့ခြင်း၊ တောင်ပိုင်း ရှမ်းနယ်များတွင် လွန်စွာ အသုံးနည်းခြင်း ရှိခဲ့သော်လည်း မြန်မာတို့ကမူ မြန်မာစာ ပေါ်ဦးလောက်မှစ၍ စဝ်(စော)ပုဂ်ခေတ်အုပ်စိုးသူ မင်းဆွေမင်းမျိုးတို့၏ ဘွဲ့အမည်တွင် အတော်များများ သုံးခဲ့သည်ကို မြန်မာရာဇဝင် ကျမ်းများအရသာမက မူလထိုး ကျောက်စာများ အရလည်း သိရှိရပေသည်။

ပုပ္ပား စောရဟန်း၊ ညောင်ဦး စောရဟန်း၊ အနော်ရထာမင်းစော၊ စောလူးမင်း၊ စောယွမ်း၊ မိဖုရားဖွားစော၊ စောလုံ၊ စောနစ် စသည့် ရာဇဝင်လာ အမည်များမှာ အသိများသော အမည်များ ဖြစ်ပါသည်။ ပုဂ်ခေတ် ကျောက်စာတို့တွင် စဝ်(စော) ကို စဝ်၊ အစဝ်၊အဇဝ်၊ ဇာဝ်၊ စ် စသည်ဖြင့် ရေးကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ ၃ တွင် ဆရာကြီး လှ(စ်)က ဆိုထားပြီး ဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြရန်ဖြစ်သော မိဖုရားစောများအပြင် ပုဂ်ခေတ် မူရင်း ကျောက်စာလာ စဝ်(စော)ဘွဲ့မည်ပါသော အမည်အချို့ရှိ၍ အောက်ပါအတိုင်း ဖြစ်ပါသည်။

အဇဝ်လတ်	။	။ ရှယ်ကုဒါယကာ (၁၁၁၃) (အလောင်းစည်သူ) မင်း၏ သမီး။ (သမိုင်းတံခွန် အတွဲ ၁၊ အပိုင်း ၂၊ စာမျက်နှာ ၂၄၀–၂၄၁ နှင့် ပုံ ၃၊ ၄)။
စဝ်မြကန်သည်	။	။ ဇေယျသူရ၊ ဒုတိယစည်သူ (၁၁၇၄–၁၂၁၁) (နရပတိစည်သူ) မင်း၏ မိဖုရားတပါး (ပုံ ၃၄[1]၊ ၆၃[2])။
စဝ်အလှမ်	။	။ ဇေယျသူရ၊ ဒုတိယစည်သူမင်း၏ မိဖုရားတပါး (ပုံ ၃၆၉ ခ[3])။
အစဝ်မင်လှ	။	။ ဇေယျသူရနှင့် စဝ်မြကန်သည် တို့၏ သမီး (ပုံ ၃၄[2]၊ ၃၈[1]၊ ၆၃[2])။
အမိပုဟိ်ုဘစဝ်	။	။ နရသိဃ်ဥဇ္ဇနာ (၁၂၃၀ ခ–၁၂၃၅)၏ မိဖုရား (ပုံ ၁၃၈[1])။
စဝ်ကြီးကွစ္စာမင်	။	။ (၁၂၃၅–၁၂၄၉ ခ) (ပုံ ၂၃၄[3, 4])။
စဝ်ပုလယ်မယ်	။	။ ကွ စ္စာမင်း၏ မိဖုရားကြီးတပါး (ပုံ ၂၄၆[3])။
စဝ်မင်လှ	။	။ ကွ စ္စာမင်း၏ မိဖုရားတပါး (ပုံ–၂၇၀[3])။
အစဝ်လတ်	။	။ နရသိဃ်ဥဇ္ဇနာ(၁၂၃၀ ခ ၁၂၃၅) သမီးတော် (ပုံ ၂၀၀)။
အရိစဝ်	။	။ ဥဇ္ဇနာမင်း (၁၂၄၉–ခ ၁၂၅၆)၏ အစ်မ (ပုံ ၁၉၄)[3]။
အဇဝ်နာလုံ	။	။ ဥဇ္ဇနာမင်း(၁၂၄၉ ခ ၁၂၅၆)နှင့် မိဖုရား သုံလူလတို့၏ သမီးတော် တပါး (ပုံ ၁၆၂)။
အစဝ်ကြွ	။	။ အထက် **မင်း** မိဖုရားတို့၏ အခြား သမီးတော်တပါး (ပုံ ၁၆၄[4])။

စဝ်ပုလယ် ။ အထက် မင်း မိဖုရားတို့၏ အခြားသမီးတော်တပါး၊ တရုတ် ပ္လိ ယ် မင်းနှင့် လက်ဆက်သည်။ (ပုံ ၃၇၉[၃]၊ ၃၈၄[၂]၊ [၃၁])။

စဝ်ဥ ။ တရုတ်ပ္လိယ်(၁၂၅၆–၁၂၈၇)နှင့် မိဖုရားစဝ်ပုလယ်တို့၏သမီး၊ ရှမ်း ညီနောင် အသခ်ျာနှင့် လက်ဆက်သည်။ (ပုံ ၂၉၁[၁၀])။

စဝ်နာစွင် ။ မိဖုရား စဝ်ပုလယ်၏ ညီမ၊ (ပုံ ၃၈၄[၃])။

ဤကဲ့သို့ အစောပိုင်းခေတ်တွင် ထိုင်(ရှမ်း)တို့၏အမည်၌ စဝ်ကိုအသုံးနည်း၍ မြန်မာတို့၏ အမည်တွင် အသုံးများသည်ကိုတွေ့ရခြင်းကိုထောက်၍စဝ်၏ရင်းမြစ်မှာ မြန်မာ၊သို့မဟုတ် အနည်းဆုံး တိဘက်မြန်မာ ဖြစ်လေမည်လောဟု တွေးထင်ဘွယ် ရှိလာပေသည်။ ဤ တွေးထင်ယူဆမှုတွင် သတိထားရမည့် အချက်တချက် ရှိနေပြန်သည်။ ယင်းအချက်မှာ အသုံးများမှု တည်းဟူသော၊ အကြောင်းရပ် တခုတည်းကိုသာ မူတည်၍ ရင်းမြစ်ကို သတ်မှတ်ခြင်းသည် တိကျမှန်ကန်မှုကို အမြဲတမ်း ပေးနိုင်သည်မဟုတ်သော အချက်ပင်ဖြစ်သည်။ ဤတွင် မြန်မာဝေါဟာရတို့၌ ရှေးကျ၍ အသုံးပင်များလင့်ကစား ရင်းမြစ်အားဖြင့် မြန်မာမဟုတ်သည့် ဝေါဟာရအချို့ ရှိနေခြင်းကို ထောက်ရှုရာသည်။ ကလန် သန်ပျင်ကဲ့သို့သော ဘွဲ့မည် ဝေါဟာရများမှာ ဥပမာအချို့ဖြစ်၏။

စဝ်၏ရင်းမြစ်နှင့် စပ်လျဉ်း၍ နန်ကျောက်ကို သုတေသနပြုခဲ့သော နိုင်ငံခြားပညာရှိ အချို့တို့၏ အဆိုအမိန့်အချို့တို့မှာ စိတ်ဝင်စားဘွယ် ကောင်းသည်။

တရုတ်ပြည်၊ ကန်တုန်မြို့၊ စွန်ယက်စင်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဝီ(လ်)ဟဲ(မ်) ကရက်ဒနာ ဦးဆောင်သော သုတေသနအဖွဲ့တဖွဲ့သည်၊ နန်ကျောက် တန်ခိုးကြီးစဉ်က အချက်အချာ ဒေသဖြစ်ခဲ့သော ယခု တာလီဖူမြို့တည်ရာ အာ(ရ်)ဟိုင် ပင်လယ်တဝိုက်တွင် ဒုတိယကမ္ဘာစစ် မတိုင်မီက ကွင်းဆင်း၍ သုတေသနပြုခဲ့၏။[၂၁] ယင်းအဖွဲ့က ရှာဖွေတွေ့ရှိချက်များကို အထောက်အထား ပြုကာ ပါမောက္ခ ကရက်ဒနာက နန်ကျောက်နှင့် စပ်လျဉ်း၍ ဤသို့ ကောက်ချက်ချခဲ့သည်။

(က) ရှမ်းအမျိုးသားတို့ အခြေစိုက်နေထိုင်လေ့ရှိသော နေရာမျိုးမှာ၊ တောင်ထိပ်၊ တောင်ခုလပ် မဟုတ်မူ၍ တောင်မြင့်ကြီးတို့၏ စပ်ကြား အပူပိုင်းငုံ ရာသီ ဥတုရှိ၍ စပါးစိုက်ပျိုး လုပ်ကိုင်နိုင်သော တောင်ခြေ မြေပြန့်ငယ်များဖြစ်သည်။

(ခ) တာလီဖူမြို့တဝိုက်ရှိ ကုန်းမြင့်မြေပြန့်မှာ မီတာ ၂၀၀၀ ကျော်မြင့်သည်။ ထိုဒေသ၌ ရှမ်းအမျိုးသားတို့ နေထိုင်သည်ကို ယခုအခါတွင် မတွေ့ရပေ။ မည်သည့်အခါမှလည်း နေခဲ့ဘူးဟန်မတူပေ။ ယင်းခေတ်တွင် မြောက်ဖက် အစွန်း ဆုံးကျသည့် ရှမ်းအမျိုးသားတို့နေထိုင်ရာဒေသမှာ တာလီဖူအနောက်တည့်တည့် သံလွင်မြစ်ဝှမ်းတွင်ရှိ မန်းအင်းဈေး ဖြစ်သည်။ မန်းအင်းဈေးမှာ မီတာ ၈၀၀ မျှသာ မြင့်သည်။ မီတာ ၃၀၀၀ ကျော်မြင့်သော တောင်အိုလိဟုန် တောင်တန်းနှင့် ဖိလု တောင်တန်းကြီးတို့က မိုး နေသကဲ့သို့ရှိ၏။

(ဂ) အာ (ရ်) ဟိုင်ပင်လယ်တဝိုက်နှင့် ထိုပင်လယ်မှ မြောက်ဖက် လီကျန်ဖူမြို့အထိ ဖြစ်သော ဒေသတွင် ရှေးခေတ်ကတည်းက အစဉ်တစိုက် နေထိုင်လာခဲ့ကြသူ အများမှာ မင်ကျာ[၂၄] လူမျိုးများ ဖြစ်သည်။

(ဃ) ရှမ်းတို့ နေထိုင်ခဲ့ဘူးသည်ကို ထောက်ခံ သက်သေထူနိုင်သည့် ရှမ်း အသုံး အဆောင် ရှေးဟောင်း စွဲညွှန်းများကို တာလီဖွမ်ဖြိုတဝိုက်တွင် မတွေ့ရှိရ။

ဤကောက်နှုတ်ချက်တို့တွင် ဒေါက်တာ ကရက်ဒနာဂ နှန်ကျောက်သည် ရှမ်းမဟုတ်ဟု ဗမာတ်အင်း ဆိုရာ ရောက်၏။ နှန်ကျောက်သည် ရှမ်းမဟုတ်လျှင် စဝ်နှင့်ထပ်တူဟု ယူဆထားသော တရုတ်အခေါ် နန်ကျောက်ပါ ကျောက် သည်လည်း ငင်းမြစ်အားဖြင့် ရှမ်းမဟုတ်ဟု ယူဆရန် ရှိနေပေ သည်။

တရုတ်ပြည် ရှေ့ သမ္မတနိုင်ငံ ကန်ဘုန်မြို့ စွန်ယက်စင်တာသိုလ်မှ တရုတ်အမျိုးသား ပါမောက္ခ စေန်ကျုင်ခဲ့န်[၂၆]၏ အဆိုအမိန့်မှာ ည်း စ်တ်ဝင်စားဖွယ် ကောင်းပေ ည်။

ဤ ါမောက္ခမှာ စ္ဓိနင့် ထာင်မင်းဆက်များ၏ ရာဇဝင်ကျမ်းဖြစ်သော စယာင့်ဌကျမ်း[၂၇]ကို ရေးခဲ့သူဖြစ်၏။ နန်ကျောက်တို့၏ မြို့တော်အမည်ဖြစ်သော ယာင်ကျူမျော[၂၈] အည်ကို ဝိုဂြိဟ် ပြုရာ၌ ဤပါမောက္ခက

ယာင်ကျူမျောတွင် ယာင်မှာ တာက်ဝေါဟာရဟု ထင်ရ၍ အသစ်ဟု အဓိပ္ပာယ် ရကြောင်း။ ကျူမှာဖျောင်ကျူတီ အမည် ါ ကျူ ငင်ဖြစ်ကြောင်း။ ဤ ကျူ မှာ နန်ကျောက်ပါ ကျောက် နှင့် ပြုံ:ငင်းလဲသုံးနှုံ:ကြောင်း ကျူက အသံပေါ်၍ ကျောက်က အသံလေးသည်သာ ကွာခြားကြောင်း[၂၉] ဆိုထား၏။

ဗန်ချော့ ရေး တောင်ပိုင်းလူရိုင်းများ ကျမ်းခေါ် မန်ရှုကျမ်း[၃၀] တွင် (၈၆၃ အေ၊ ဒီ) ယာင်ကျူမျောပါ မျော ဟူသော၊ စကားလုံး၏ ရှေးအသံထွက်မှာ ဖ ဖြစ်ကြောင်း ဆိုထား၏။ သို့ဖြစ်လျှင် ကျူမျောသည် ကျောက်ဖ ငင်ဖြစ် ည်ဟု ဆိုရပါ၏ည်။ မန်ရှု၏ အဖွင့်ကျမ်းခေါ် မန်ရှုကိုကျီအောင်ကျူ ကျမ်းတွင်လည်း ါမောက္ခရှိယာင်တက[၃၁] ယာင်ကျူမျောပါ ကျူမျောမှာ ကျောက်ဖကို အသံဖလှယ်ထားသော စာလုံးများဖြစ်နိုင်ကြောင်း ထင်မြင်ချက် ပေးထားပေသည်။ မင်းနေမြို့တော် ဟုဆိုရန် ရှိပါသည်။

တဖန် ပိုင်လိက္ခန်း[၃၂] ခေါ် ရှမ်းတို့အကြောင်း စာအုပ်ငယ် (၁၃၇၉ အေ၊ ဒီ)တွင်၊ "စုလုန် ဖ ကို ငယ်သားတို့က ကျောက်ဟုခေါ်သည်။ တရုတ်ဘာသာနှင့်သော် မင်းကေရာင်ဟု အဓိပ္ပာယ်ရ သည်" ဟု ကျောက်၏ အဓိပ္ပာယ်ကို ပေးထား၏။[၃၃] မန်ရှုကျမ်း၌ငင် နန်ကျောက်၏ လက်အောက်ခံလူမျိုးစုတို့ကိုအုပ်ချုပ်သူအကြီးအကဲ၏ ဘွဲ့မည်ကိုလိုက်၍ ခေါ် ဝေါ်ကြောင်းဆိုသည်။ ယင်းသို့ခေါ်သော လူမျိုးစု ၂ စု၏ အမည်မှာ ငောင်ကျောက်နှင့် ဝါင်ကျူတို့ဖြစ်သည်။[၃၄] ဤ အမည် ၂ ခုမှာ အသံတွင်သာ ကွဲနေသော လူမျိုးစု ၂ စု အမည်များဖြစ်၏။ မူလက လူမျိုးတမျိုး တည်းဖြစ်၍ အလှမ်းဝေးနေသောကြောင့် အသံထွက်များ ကွဲခဲ့ဟန်တူသည်။ မြန်မာအက္ခရာနှင့် ဖလှယ်လျှင် ငောင်ကျောက်မှာ မင်းစဝ်ဖြစ်၏။ ဤမင်းစောပါ စကားလုံး ၂ လုံးစလုံးင အကြီးအကဲ မင်းဟု အဓိပ္ပာယ်ရ၊ အဓိပ္ပာယ်တူ ဝေါဟာရ ၂ လုံးကို ပူးပေါင်း၍ ဝေါဟာရတခုအဖြစ် သုံးထား ခြင်းဟု ယူဆရပေ သည်။

နန်ကျောက်ပါ ကျောက် ည် တရုတ် င်းမြစ်ဟုတ်။ ရှမ်းငင်းမြစ်လည်းမဟုတ် ဆိုလျှင် ရည်သည့်စကားလုံး၊ စ္ဓိယာင်ရှုကျမ်းတွင် ပါမောက္ခ စေန်ကျုမဲ့ငင်က၊ "ကျောက်မှာ ချိယာင်[၃၅] စကားမှသက်သော စကားဖြစ်၍ အဓိပ္ပာယ်မှာ အကြီးအကဲ ဟု ရသည်"ဟု ဆိုထား၏။[၃၆] ချိယာင်

လူမျိုးမှာ တိဗက်–မြန်မာတို့၏ ရှေးဘိုးဘေးကြီးများ ဖြစ်တန်ရာ၏ဟု ဆရာကြီးလုစ်က အထောက်အထားများနှင့် ဖော်ပြပြီးဖြစ်ရာ၊ ဤ'ကျောက်'မှာ တိဗက်–မြန်မာ မူရင်းဟုဆိုရန်သာ ရှိလေတော့သည်။

သို့ဖြစ်ပါလျက် 'ကျောက်ဖ' 'စပ်ဖ' (စော်ဘွား)သည် မည်သို့အားဖြင့် ထင်ရှားသော ရှမ်းဝေါဟာရ ဖြစ်လာသနည်း။ ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ နန်ကျောက်ပျက်ပြီးနောက် ရှေး နန်ကျောက် နယ်ပယ်အတွင်း တည်ထောင်လာသော ရှမ်းနယ်တို့သည် နန်ကျောက်ယဉ်ကျေးမှု အရှိန်အဝါအောက်တွင် ရှိခဲ့သည့်အတိုင်း နန်ကျောက်အစဉ်အလာ၊ ဓလေ့ယဉ်ကျေးမှုတို့ကို ဆက်ခံ ခဲ့ကြမည်ဖြစ်၏။ ဤကျောက်ဖဟူသော ဂုဏ်ယူဘွယ်ဖြစ်၍ ခန့်ညားသည့် နန်ကျောက်ဝေါဟာရကို အုပ်စိုးသူ အကြီးအကဲတို့အတွက် ဆက်ခံသုံးစွဲခဲ့ရာမှ ထိုင် (ရှမ်း) ဘွဲ့မည်အသွင် ဆောင်လာခြင်း ဖြစ်ပေမည်။ ယိုးဒယားတို့ ခမာနိုင်ငံ (ကမ္ဗောဒီးယား) ကို အောင်နိုင်ပြီးနောက် မင်းဇကရာဇ်၏ ဘွဲ့မည်အဖြစ် စောဝ်ဒေက်[၃၅] ကို ဆက်ခံသုံးစွဲလာသည့်နည်းတူပင် ဖြစ်တန်ရာ၏။

မြန်မာဝေါဟာရတွင် စဝ် (စော) အသံသည် စိုဝ် (စိုး) နှင့် အလွန်နီးသည်။ အသံသာမကသေး အနက်အဓိပ္ပာယ်တွင်လည်း ထပ်တူနီးပါးမျှ ဖြစ်သည်။ "အုပ်စိုးသည်"၊ "အစိုးရ" ဟူသော စကားများမှာ ဥပမာများဖြစ်၏။ ပုဂံမင်းတပါးဖြစ်သော ဒုတိယစည်သူ (ဇေယျသူရ) (နရပတိစည် သူမင်း ၁၁၇၄–၁၂၁၁ အေ၊ ဒီ)နှင့် မိဖုရား စဝ်မြကန်သည်တို့၏သမီး၊ နာတောင်မျာ (၁၂၁၁–၁၂၃၁–ခ အေ၊ဒီ) ၏ ညီမ အစဝ်မင်လှမှာ စိုဝ်မင်လှ ဟုလည်း တွင်သည်ဖြစ်ရာ[၃၇] စဝ်နှင့်စိုဝ် ပြောင်းလဲနိုင်ပုံကို သိသာပေသည်။

စဝ် ဘွဲ့မည်နှင့် စပ်လျဉ်း၍ ဖော်ပြလိုသော အခြားအချက်တခုမှာ ဤဘွဲ့မည်ကို မင်းဘုရား နှင့် အဆက်အနွယ်တို့သာ ခံယူသည်ကို တွေ့ရခြင်းပင်ဖြစ်သည်။ သာမန်ပုဂ္ဂိုလ်တို့အတွက်မူ မင်း၏ အဆက်အနွယ်အဆင့်သို့ ရောက်မှသာ ခံယူခွင့်ရှိဟန်တူ၏။ ဓမ္မရာဇိကဘုရားတွင် ၁၁၉၉၊ အေ၊ ဒီ က အလှူဒါနပြုခဲ့သော မောင်မ ခင်မိငယ်ခေါ် အမျိုးသမီးမှာ ဂ နှစ်ကြာပြီး နောက်ထပ်လှူဒါန်း မှုတခုကို ပြုသောအခါတွင် မိမိအမည်ကို မောင်မ စဝ်ခင်မိငယ်ဟု စဝ်ဘွဲ့နှင့် ရေးထိုးခဲ့သည်ကို တွေ့ ရ၏။[၃၈] ခြားကာလအတွင်း နရပတိစည်သူ (ဒုတိယစည်သူ) မင်း၏ ချီးမြှောက်ခြင်းကို ခံခဲ့ရဟန် တူပေသည်။

ဤစာတမ်းနှင့် တိုက်ရိုက်သက်ဆိုင်သော မိဖုရားစောနှင့် အခြားစဝ်၊ဇဝ်၊ ဘွဲ့ခံမင်းနှင့် မင်း ဆွေ မင်းမျိုးတို့၏ အမည်များတွင် ပါရှိသည့် စဝ် ဇဝ် စသည်တို့၏ ရင်းမြစ်မှာ ဆိုခဲ့သော အထောက်အထားတို့အရ၊ တိဗက် မြန်မာ ဖြစ်သည်ဟု ယူဆရန်ရှိပေသည်။

အပိုင်း ၃

ဖွားစောအမည်ခံ မိဖုရားကြီးများ

ပုဂံခေတ်တွင် စော (စဝ်၊ ဇဝ်၊) ဘွဲ့မည်ကို ခံယူသော မင်းမိဖုရားကြီး ၄ ပါးရှိခဲ့ကြောင်းကို မင်စာ ကျောက်စာ အထောက်အထားတို့မှ သိရသည်။ ယင်း ၄ ပါးမှာ–

(၁) နရသိယ်ဥဇ္ဇနာမင်း(၁၂၃၀ ခ – ၁၂၃၅) ၏ မိဖုရားကြီး အမိဖုရားစော။ (အမိ ပုဟိစာဝ်)။[၃၉]

(၂) ထိုမင်း၏ အခြားမိဖုရားကြီးတပါးဖြစ်သော မင်းဝိုင်းဖွားစော (ဖွါရင်သွှင်ဖွါ ၈၀)။[၄]

(၃) နရသီဟပတေ့ (တရုက်ပ္ပြယ် မင်) ၁၂၅၆–၈၇ ၏ မိဖုရားကြီးတပါးဖြစ်သော စော လှဝန်းဖွါးစော (ရစသူဖွါစဝ်)။[၅]

(၄) ကျော်စွာမင် (ရှယ်နန်သျင် ၁၂၈၈–၉၈) ၏ မိဖုရားကြီး သစ်မထီးဖွားစော (အမိဖုရှာစ်)[၆] တို့ဖြစ်ကြသည်။

ဤ ၄ ပါးအနက် ပထမမိဖုရားသည် ဖွားစော ဟုမတွင်ခဲ့ပါ။ စော ဟုသာတွင်ခဲ့၏။ စတုတ္ထ မိဖုရားမှာလည်း ခေတ်ပြိုင်ကျောက်စာတို့တွင် အမိဖုရားစော (အမိဖုရှာစ်) ဟုသာ တွင်၍ ပုဂ်ခေတ်လွန် ကျောက်စာတို့တွင်မှ ဖွားစောဟု တွင်လာသူဖြစ်၏။[၇] ကျွန်မိဖုရား ၂ ပါးမှာ မြေးတော် မင်းကြီးများ လက်ထက်ထိ ထင်ရှားခဲ့ကြသဖြင့် "စော" တွင် "ဖွား" ကို ရှေ့မှဆက်၍ ဖွားစောဟု တွင်လာခဲ့ခြင်း ဖြစ်ပေသည်။ ဤစာတမ်းတွင် ပထမ မိဖုရားကို ချန်လှပ်၍၊ ဖွားစောဟု တွင်သော မိဖုရားကြီး ၃ ပါးအကြောင်းကို တင်ပြရန်ဖြစ်ပါသည်။

ဤသို့ တင်ပြရာတွင် ဤဖွားစောတို့ ကျင်လည်ခဲ့ရသော ပုဂ်ခေတ်နောက်ပိုင်း လူအဖွဲ့အစည်းတွင် အုပ်ချုပ်သူလူတန်းစား၏ ဆွေစဉ်မျိုးဆက် တော်စပ်ဆက်နွယ်နေပုံကို နောက်ခံကား အဖြစ် ရှေးဦးစွာ ဖော်ပြလိုပါသည်။

နရသူခေါ် ကုလားကျမင်း (ကွမ်တာစ်သျင်) ၁၁၆၀ ခ–၁၁၆၅)၏ နောက် ပုဂ်ထီးနန်းကို ဆက်ခံအုပ်စိုးသော နရပတိစည်သူ(ဇေယျသူရ ဒုတိယစည်သူ ၁၁၇၄–၁၂၁၁) နှင့် မိဖုရား စောမြကန်သည်[၈] တို့တွင် မြင်သော နားတောင်းများ (နာတောင်မျာ[၉] ၁၂၁၁–၁၂၃၀ ခ) မင်းတွင် နရသိဃ်ဥဇနာ (နာတောင်မျာ)၊ ဆင်ဖြူရှင်ဒါယကာနှင့် ကျစ္စာ (ကျွစ္စာ) ဟူသော သား ၃ ပါး ထွန်းကားကြောင်း သိရပါသည်။ နရသိဃ်ဥဇနာ[၁၀] သည် ခမည်းဖောက် နားတောင်းများ မင်းကို ဆက်ခံသည်။ နန်းသက်မှာ ၁၂၃၀ ခန့်မှ ၁၂၃၅ အထိ ဖြစ်သည်။ နရသိဃ်ဥဇနာမင်းကို ညီတော် ကျစ္စာ (ကျွစ္စာ၊ စဝ်ကြီ[၁၁] ၁၂၃၅–၁၂၄၆ ခ) က ဆက်ခံသည်။ ဤမင်း ၂ ပါး၏ အဆက်အနွယ်များ ဖြစ်ကြသော အဆက်အနွယ် ၂ ခုသည် ပုဂ်ခေတ်နောက်ပိုင်းကို ချယ်လှယ်ခဲ့သော အနွယ်များ ဖြစ်၏။ ဤအနွယ် ၂ ခုအနက် နရသိဃ်ဥဇနာ အနွယ်ဝင် အမျိုးသားတို့က ကြီးစိုးရ၍၊ ပုဂ်ထီးနန်းတွင် မင်းများအဖြစ် ဆက်ခံအုပ်ချုပ်သွားကြသည်။ ဤအနွယ်ဝင်တို့သည် ကျစ္စာမင်း အနွယ်ဝင်တို့နှင့် အိမ်ထောင် ဖက်ကြသည့် နည်းဖြင့် မဟာမိတ်ပြုခဲ့ကြသဖြင့် အနွယ် ၂ ခုအတွင်း ထီးလုမှု မရှိပဲ ငြိမ်းစွာ အုပ်စိုးသွားနိုင်ခဲ့ကြလေသည်။

နရသိဃ်ဥဇနာတွင် မိဖုရားစောခေါ် မိဖုရားကြီးတပါးနှင့် ဖွားစောခေါ် မိဖုရားကြီးတပါး တို့ရှိသည်ဟု ယူဆဘွယ်ရာရှိ၏။ ဖွားစောမှာ ဤစာတမ်းတွင် ဖော်ပြရန်ဖြစ်သော ပထမ ဖွားစော ပင်တည်း။ အမိဖုရားစော[၁၂] တွင် သိဃ်ပတိ[၁၃] နှင့် တရဖျား (တျာဖျာ)[၁၄] ဟူသော သား ၂ ပါး နှင့် အစောလတ် (အစဝ်လတ်)[၁၅] ဟူသော သမီးတပါး ထွန်းကားခဲ့သည်။ မည်သူမှ ထီးနန်းဆက်ခံခြင်း မပြုရပေ။ ပထမ ဖွားစောတွင် အရီးစော (အရီစဝ်)[၁၆] နှင့် ဥဇနာ (ဥစ္စနာ)[၁၇] တို့ကို မြင်သည်။ ဥဇနာမင်း (၁၂၄၉ ခ ၁၂၅၆) သည် ဘထွေးတော် ကျစ္စာမင်းကို ဆက်ခံသည်။ နရသိဃ်ဥဇနာ အနွယ်ဝင် ဒုတိယမင်း ဖြစ်သည်။ ထိုမင်းသည် ကျစ္စာမင်း၏ သမီးတော်တပါး

ဖြစ်သော သုံလူလ[၁၄]မင်းသမီးကို ကြိလောကစန္ဒ[၁၅]ဘွဲ့ဖြင့် မိဖုရားမြှောက်ခဲ့သည်။ ဤသည်ကား ကျစ္စာမင်း အနွယ်ဝင်တို့နှင့် မဟာမိတ်ဖွဲ့ခြင်းတရပ် ဖြစ်ပေသည်။သုံလူလတွင် မြင်သော သားတော် သမီးတော်တို့မှာ မင်းယဉ် (မင်ယန်) အစောနားလုံ (အဇောနာလုံ)၊ အစောကြွမ်း (အစဝ်ကြွံ)၊ စောပုလဲ (စဝ်ပုလယ်)၊ စောနားစွင့် (စဝ်နာစွင်) နှင့် အခြားသားတော်တပါးဖြစ်၏။

မင်းယဉ်[၁၆] သည် ခမည်းတော် ဥဇ္ဇနာကို ၁၂၅၆ တွင် ဆက်ခံသည်။ ထိုနှစ်၌ပင် နတ်ရွာစံခဲ့ဟန်တူ၏။

ဥဇ္ဇနာမင်းတွင် ပန်းပွတ်သည် သမီးဖြစ်သော အခြားမိဖုရားတပါးရှိသေးသည်။ထိုမိဖုရားတွင် နရသီဟပတေ့ခေါ် မင်းခွေးချေးကို မြင်၏။ နရသီဟပတေ့သည် မင်းယဉ် နောက် ထီးနန်းဆက်ခံသည်ဟု ထင်ရ၏။ နောင်အခါတွင် တရုတ်ပြေးမင်း (တရုက် ပ္လိ ယ်)[၁၇] ဟု တွင်သော နရသီဟပတေ့ (ဥစ္စနာ၊ စည်သူ၊ ပန်ပွတ်သည် ပ္လိ ယ်) (၁၂၅၆–၁၂၈၇) မင်းသည် ဖတူမိကွဲဖြစ်သော စောပုလဲ (သုံလူလ၏သမီး)[၁၈] နှင့် လက်ဆက်သည်။ ကျစ္စာမင်းအနွယ်ဝင်တို့နှင့် မဟာမိတ်ဖွဲ့ခြင်းအားဖြင့် ကျစ္စာ၏သား သိဃ်သူနှင့် မိဖုရားတို့၏သမီး မင်းမယား(မင်မိယာ)[၁၉] နှင့်လည်းကောင်း၊ ကျစ္စာမင်း၏သမီးနှင့် မတ်သရေ (သရိယ)[၂၀] တို့၏သမီး ရတနာပုံ[၂၁] နှင့်လည်းကောင်း၊ ရတနာပုံအနိစ္စရောက်ပြီးနောက် ရတနာပုံ၏ညီမ ဖွားစောနှင့်လည်းကောင်း အဆင့်ဆင့် လက်ဆက်ခဲ့သည်။ ဤဖွားစောမှာ စာတမ်းတွင် ဖော်ပြရန်ဖြစ်သော မင်းဝိုင်းဖွားစော (ဒုတိယဖွားစော) ဖြစ်သည်။

နရသီဟပတေ့မင်း လက်ထက် မွန်ဂိုလ်(တာတား) တို့ ဝင်ရောက်တိုက်ခိုက်၍ ပုဂံပျက်ခဲ့ရပြီးနောက် (၁၂၈၇) နရသီဟပတေ့မင်းကို ဆက်ခံသော သားတော်ကျော်စွာ [ကျွင်စွာ၊[၂၃] (ခ) ရှုယ်နန်သျှင်၊[၂၄] တလသူကြီ[၂၅]၊ နန်ကျွမင်[၂၆]၊ ၁၂၈၈–၁၂၉၈] လက်ထက်တွင် ဖွားစောသည် မိဖုရားကြီးအဖြစ် ဆက်လက်ချီးမြှင့်ခြင်း ခံရသည်။ ဖွားစော အနိစ္စ ရောက်ပြီးနောက် ကျော်စွာမင်းသည် ဖွားစော၏ ညီမကို မိဖုရားကြီးအဖြစ် မြှောက်စားပြန်သည်။ ဤမိဖုရားကြီးမှာ ကျောက်စာတို့တွင် အမိဖုရားစော (အမိဖုရာစဝ်) ဟု တွင်သည်။ ဤစာတမ်းအတွက် တတိယ ဖွားစော ဖြစ်ပါသည်။

နရသီဟပတေ့မင်း လက်ထက်တွင် သံပျင်များအဖြစ် ပုဂံနန်းတွင်း၌ တန်ခိုးတက်လာခဲ့သော အသခ်ယာ၊ ရာဇသက်ြံနှင့် သီဟသူ[၂၇] တို့သည် မွန်ဂိုလ်တို့ ဝင်ရောက်တိုက်ခိုက်ပြီးနောက် ကျောက်ဆည် လယ်တွင်း ၁၁ ခရိုင် (မ္လ စ်သာ ၁၁ ခရိုန်) တွင် တန်ခိုးကြီးလာကြ၍ ပုဂံထီးနန်းနှင့်အပြိုင် ပြုလာခဲ့သည်။ သူတို့သည် ကျော်စွာမင်းကို လုပ်ကြံကြပြီးနောက် ကျော်စွာ၏သား စောနစ် (မင်းလုလင် [၂၈] ၁၂၉၈–၁၃၃၄) ကို ရုပ်သေးမင်းအဖြစ် နန်းတင်ကြသည်။

ယခင်က နရသိဃ်ဥဇ္ဇနာအနွယ်နှင့် ကျစ္စာအနွယ်တို့က ပုဂံအာဏာကို ခွဲဝေ ယူခဲ့ကြ၏။ နရသိဃ်ဥဇ္ဇနာအနွယ်ကို အမျိုးသားတို့က ကိုယ်စားပြု၍ ကျစ္စာအနွယ်ကို အမျိုးသမီးတို့က ကိုယ်စားပြုသည့်နှယ် ရှိခဲ့သည်။ အမျိုးသားအနွယ်ဖက်က အင်အားနည်းသည်တိုင်အောင် အမျိုးသမီးအနွယ်ဖက်က ထိန်းပေးခဲ့ခြင်းဖြင့် ပုဂံဆက်ကို တည်တံ့စေခဲ့သည်ဟု ဆိုဘွယ်ရာရှိသည်။ ယခုသော် မွန်ဂိုလ်တို့ကြောင့် ပုဂံအင်အား ယိမ်းယိုင်နေချိန်တွင် တတိယ အင်အားစု ပေါ်လာ၍ အင်အား ရေချိန်တည်မှုကို ပျက်ပြားစေသကဲ့သို့ ရှိလာပေသည်။

မည်သို့ပင် ဖြစ်စေ တတိယဖွားစောသည် ကျော်စွာမင်း နန်းကျပြီးသည့်တိုင်အောင် တန်ခိုးအရှိန်အဝါ မလျော့ပဲ စောနစ်မင်းလက်ထက်ထိ အထင်အရှား ရှိခဲ့သည်ကို တွေ့ရပေမည်။

ပထမ ဖွားစော။ ။မင်းဝိုင်းဖွားစော

ပထမ ဖွားစောသည် မင်းဝိုင်းတွင် ကုသိုလ်ကောင်းမှုပြု၍ ကျောက်စာ ထိုးထားခဲ့သည်ကို အကြောင်းပြု၍ [၆၇] လွယ်ကူစေရန် မင်းဝိုင်းဖွားစောဟု ခေါ်ထားခြင်း ဖြစ်ပါသည်။ သူ ရေးထိုးခဲ့သော ကျောက်စာတို့တွင်မူ မိမိကိုယ်ကို ဖွာရင် သို့မဟုတ် သိခင်ဖွာစောဟု ရေးထိုးလေ့ရှိသည်ကိုလည်း မှတ်သားရပါသည်။

ဤဖွားစောကို ဆရာကြီး ဦးဖေမောင်တင်က "ပုဂံတဝှမ်းလုံးတွင် ဂုဏ်မာန အတက်ကြွဆုံးသော အမျိုးသမီး" [၆၈] ဟုလည်းကောင်း၊ ဆရာကြီး ဂျီ၊ အိပ်ချ်၊ လုစ်က "ဟောလီဝုဒ်ဆန်သော ဆုကိုတောင်းသည့် မင်းဝိုင်းအမျိုးသမီး" [၆၉] ဟုလည်းကောင်း အသီးသီးအမှန်းတင်၍ ရေးသားခဲ့ဖူးပါသည်။ သူ၏ မျိုးရိုးဇာတိကို အခိုင်အလုံ မဆိုနိုင်သေးပါ။ ကျစွာမင်းလက်ထက် ၁၂၄၂ ခု ထိုး ကက်သူဇနီး၏ ကျောက်စာတခု (ပုဂံပြတိုက်၊ကျောက် ၃၅) တွင် "အမိပုရှာစဝ်ဖ သူလာဖီရစ် မှလာသော ပြည်ကွန်" [၇၀]၊ ကက်သူဇနီး၏ အခြားကျောက်စာတခုတွင် (ပုဂံပြတိုက်ကျောက် ၆၅) "အမိပုရှာ ဆောက်ပန် မောင်မင်မတ် သုလာဖိရစ်" [၇၁] ဟု တွေ့ရှိရချက်ကိုထောက်၍ အမိဖုရားစော၏ ဖခင်မှာ နရပတိစည်သူ(၁၁၇၄-၁၂၁၁)မင်း၏ မိဖုရားကြီးတပါးဖြစ်သူ ဝဋ္ဌံသကာခေါ် ဦဆောက်ပန် မိဖုရားကြီး၏ မောင် မင်းမတ် သုလာဖီရစ် ဟု ဆိုနိုင်ပါသည်။ [၇၂]

သို့ရာတွင် ပထမဖွားစောနှင့်အတူ အမိဖုရားစောဟု တွင်သော နရသိဿ်ဥဇ္ဇနာမင်း၏ အခြားမိဖုရားတပါး အပြိုင် ရှိသည်ဟု ယူဆဘွယ်ရာ ရှိနေသဖြင့် [၇၃] သုလာဖိရစ်မှာ မည်သည့် မိဖုရားစော၏ ဖခင်ဖြစ်သည်ကို အတိအကျ မဆိုနိုင်ခြင်း ဖြစ်ပေသည်။

ဤတွင် နရသိဿ်ဥဇ္ဇနာမင်း အကြောင်းကို အနည်းငယ် ရှင်းလင်းရန် လိုမည် ထင်ပါသည်။ မြန်မာရာဇဝင်ကျမ်းတို့တွင် နရပတိစည်သူမင်း၏အစ်ကို၊ မင်းယဉ် နရသိခ်အကြောင်းကို တွေ့ရပါသည်။ [၇၄] ကျောက်စာတို့တွင် ဤမင်းအမည်ကို မတွေ့ရသေးပါ။ ဤမင်း၏ အမည်ကို ခွဲဝေ ယူထားသည်နှင့်တူသော နရသိဿ်ဥဇ္ဇနာနှင့် မင်းယဉ်တို့ကိုမူ ကျောက်စာတွင် တွေ့ရပါသည်။ နရသိဿ်ဥဇ္ဇနာမှာ နားတောင်းများမင်း၏သား ကျစွာမင်း၏ နောင်တော်ဖြစ်၍၊ မင်းယဉ် (မင်ယန်) မှာ နရသိဿ်ဥဇ္ဇနာမင်း၏ မြေး၊ ဥဇ္ဇနာမင်း၏သားဖြစ်ကြောင်းကို အထက်တွင်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ရာဇဝင်ကျမ်းများတွင် လာရှိသော မင်းယဉ်နရသိခ်၏ ဖြစ်ရပ်တို့မှာ ဒဏ္ဍာရီ ဆန်လှသော ဖြစ်စဉ် ဝေဋ္ဌုဝတီ၊ ရွှေပြည့်ရင်နတ်၊ အောင်စွာနတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်လျက် ရှိသည်ကို သတိပြုမိကြမည် ဖြစ်ပေသည်။

ကျောက်စာလာ နရသိဿ်ဥဇ္ဇနာမင်း၏ အခြားဘွဲ့မည်တခုမှာ ဓမ္မယုတ် ဖြစ်တန်ရာ၏။ ၁၂၄၆ ခု ထိုး ရှင်ကဿပဘုရား ကျောက်စာတွင် "မင်ဥစ္စနာသမီ ဓမ္မယုတ် မ္လိယ်အဇဝ်နာလုံ" [၇၅] ဟု ဆိုထားရာ၊ ဓမ္မယုတ်မှာ ဥဇနာမင်း၏ ဖခင်ဖြစ်ကြောင်း သိရသည်။ မင်းဝိုင်းကျောက်စာတွင် ကျစွာမင်းကို ဖော်ပြထားသော်လည်း ပထမဖွားစော၏ ခင်ပွန်းဟုမဆိုခြင်း၊ ဥဇ္ဇနာမင်း၏ မိဖုရားကြီး သုံးလူလမှာ ကျစွာမင်းကြီး၏ သမီးဖြစ်နေခြင်းတို့ကြောင့် ဤ ဓမ္မယုတ်သည် ကျစွာမင်း မဖြစ်နိုင်။ ဥဇ္ဇနာမင်း၏ ဖခင်မှာလည်း ကျစွာမင်း မဖြစ်နိုင်၊ သို့ဖြစ်၍ ဓမ္မယုတ်နှင့် ဥဇ္ဇနာမင်း၏ ဖခင်မှာ နရသိဿ်ဥဇ္ဇနာမင်းပင် ဖြစ်မည်ဟု ဆိုခြင်းဖြစ်ပေသည်။

ဤ သက်သေထူချက်ကို လက်ခံနိုင်လျှင် ပထမ ဖွားစော၏ မင်းဝိုင်းကျောက်စာ အရှေ့ဘက်

မျက်နှာတွင် လာရှိသော "ဤသိုလျှင် ငါပြုသော ကောင်မှုအကျိုကာ၊ ရေမြေခပ်သိမ်သော အသခင်ဖြစ်ထသော မြတ်စွာသော ငါလင်သခင်မင်ကြီ၊ ငါသာမင်ကြီ၊ ငါမြေမင်ကြီ" စသော အမျှဝေချက် [၇၆] တွင် ပါရှိသည်။

ငါ့သခင်လင်မင်းကြီး မှာ နရသိဿ်ဥဇ္ဇနာ
ငါ့သားမင်းကြီး မှာ ဥဇ္ဇနာ
ငါ့မြေးမင်းကြီး မှာ ဥဇ္ဇနာဘွဲ့ကိုပင်ခံသော တရုတ်ပြေးမင်း

အသီးသီးဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဤကျောက် အပေါ်ပိုင်းတွင် "သာဥဇနာမင်ကြီပေသတေ" [၇၇] ဟု ပါရှိချက်၊ ဤကျောက်စာ အနောက်မျက်နှာအစတွင် ပါရှိသော "သြတြိဘဝနာ ဒိတျပဝရ ဓမ္မရာဇာ ဥဇနာမည်သောမင်ကြီ။ ဖွာရင်သည်"။ [၇၈] ဟု မိမိအကြောင်းကို ဖော်ပြချက်တို့ကလည်း ထောက်ခံနေပေသည်။

တဖန် ပထမ ဖွားစောနှင့် နရသိဿ်ဥဇ္ဇနာမင်း၏ အခြားမိဖုရားတပါးဟု ယူဆထားသော အမိဖုရားစောမှာ တဦးတည်း ဖြစ်နေမည်လောဟုလည်း တွေးထင်ဖွယ်ရာ ရှိပြန်၏။ အမိဖုရား စောမှာ မြောက်ဂူနီကျောက်စာ [၇၉] တွင် လာရှိသော မိဖုရားဖြစ်၏။ ယင်းကျောက်စာ (၁၂၄၁ ခုထိုး) တွင် သိဿ်ပတိနှင့် တျာဖျာတို့၏ အမိဟု ဖော်ပြထားသည်။ ကျောက်စာထိုးသည့်နှစ်တွင် ဥဇ္ဇနာမင်းမှာ မွေးဖွားပြီး ဖြစ်သည်ဟု ယူဆရသည်။ အကယ်၍ ဥဇ္ဇနာသည်၊ မိဖုရားစော၏ သားဖြစ်လျှင် ကျောက်စာတွင် ဥဇ္ဇနာ၏ အမည်ပါသင့်သည်။ ယခုမပါမရှိသည်ကို ထောက်၍၊ ဥဇ္ဇနာမှာ အခြားမိဖုရားတပါး၏ သားဖြစ်ရန်သာရှိသည်။ သို့ဖြစ်၍ ပထမ ဖွားစောမှာ မြောက်ဂူနီ အမိဖုရားစောနှင့် တခြားစီဖြစ်ကြောင်း သိသာနိုင်ပေသည်။

မျိုးရိုးစဉ်ဆက်ကို ပြန်လည်သုံးသပ်သော် ပထမဖွားစောသည် မင်းမျိုးပင် မဟုတ်လင့် ကစား၊ နရပတိစည်သူမင်းကြီး၏ မိဖုရားကြီး ဦးဆောက်ပန်နှင့် ရင်းသော အဆက်အနွယ်ဝင် ဖြစ်သည်ဟု ယူဆရ၏။ ဤယူဆချက်အရဆိုလျှင် သူ၏ ဖခင်မှာ မင်းယောက်ဖ မင်းမတ်ဖြစ်၏။သူ၏ အရီးတဦးမှာ သခင်အခေါ် ခံရသည့် အဆင့်အတန်းရှိသော မင်းမိကြီးတိုင်သည် အိုထက်ပြည်သ် [၈၀] ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အမျိုးကြီး အနွယ်ကြီးမှဖြစ်သော ပထမ ဖွားစောတွင် အစ်ကို ၂ ဦးရှိရာ၊ ၂ ဦးလုံးပင် အထက်တန်း အုပ်ချုပ်ရေး အရာရှိကြီးများဖြစ်ကြသည်။တဦးမှာ သံပျင်သမန္တကုံထံ [၈၁] ဖြစ်သည်။ ရှင်ကဿဖဘုရား ကျောက်စာတွင် ဥဇနာမင်းကြီး၏ အမည်နှင့်ယှဉ်၍ ဖော်ပြထားသော မင်းဦးရီး ကုံထံ [၈၂] ပင် ဖြစ်သည်။ ပထမဖွားစော၏ အစ်ကိုဖြစ်သော ဤသံပျင်ကြီးမှာ "သဒ္ဓါပညာ ဖုန်ကြီ သော အပေကြီစွာသော တကာကြီနှမမင်မိန်မ" နှင့်အတူ ၁၂၄၄ ခုနှစ်တွင် ဝိနည်းဓိုရ်ဘုရား၌ ကြီးစွာသော အလှူကို ပြုခဲ့သူ ဖြစ်ပေသည်။ [၈၃]

အခြား အစ်ကိုတဦးမှာ မဟာသမန်ကြီးဖြစ်၏။ [၈၄] ကျစွာမင်းနှင့် ဥဇ္ဇနာမင်းတို့၏ လက်ထက်များတွင် အမတ်ကြီးအဖြစ် အမှုထမ်းခဲ့ရသူ ဖြစ်ပေသည်။ ဤမဟာသမန်ကြီးမှာ မင်းမတ်မနောရာဇာ [၈၅] ပင် ဖြစ်ဟန်တူပေသည်။

ပထမ ဖွားစော၏သားမှာ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ဥဇ္ဇနာ (ဥစ္စနာ၊ ဥတ်စနာ၊) မင်းကြီးဖြစ်၏။ ဒလမြို့တွင် နတ်ရွာစံခဲ့သဖြင့် တလပျံမင်း ဟုလည်း တွင်သည်။ ဥဇ္ဇနာမင်းအပြင် အရီးစောဟု တွင်သော သမီးတော်တပါး ရှိသေးသည်။ တူတော်ဖြစ်သော နရသီဟပတေ့မင်း

လက်ထက်တွင် နရသီဟပတေ့မင်းကခေါ်သော အမည်ဖြင့် တွင်ခဲ့ဟန်ရှိ၏။ အရီးစဝ်၏ ကုသိုလ်တော် ကုသဘုရားကျောက်စာ (၁၂၆၅) တွင်–

"ဘုရာရှင်တော် အရီစော" ၈ ဟုလည်းကောင်း မိမိအမည်နှင့် ဂုဏ်ဒြပ်ကို ဖော်ထုတ်ထားပေသည်။

ပထမ ဖွားစော၏ ကိုယ်ရေးဖြစ်စဉ်ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။ ဤဖြစ်စဉ်တို့ကို သူ၏ကုသိုလ်တော်ဖြစ်သော မင်းဝိုင်းကျောင်းကျောက်စာကြီး ၈ တွင် တွေ့ရှိနိုင်ပါသည်။

ပထမ ဖွားစောသည် ယောက္ခမဖြစ်သူ နားတောင်းများ၊ ခင်ပွန်းဖြစ်သူ နရသိဿ်ဥဇ္ဇနာ၊ မတ်ဖြစ်သူ စောကြီးခေါ် ကျစ္စာမင်း၊ သားတော်ဥဇ္ဇနာ၊ မြေးတော်မင်းယဉ်နှင့် မြေးတော် နရသီဟပတေ့မင်း ၆ ဆက်ကို မှီခဲ့သူ ဖြစ်ပေသည်။ မင်းယဉ်မှတပါး ကျန်မင်းကြီး ၅ ပါးတို့၏ အရေးတယူမြှောက်စားချီးမြှင့်ခြင်းကို ခံခဲ့ရသူဖြစ်ကြောင်း ဤမင်းဝိုင်း ကျောက်စာတွင် တွေ့နိုင်ပေသည်။

ယောက္ခမတော် နားတောင်းများမင်းသည် ၁၂၁၂ ခုတွင် ပထမ ဖွားစောအား ဥယျာဉ်တခုနှင့် လယ်အပယ် ၂၀ ကို ချီးမြှင့်ခဲ့၏။ မတ်တော် ကျစ္စာမင်းသည် မရီးတော်အား လေးစားသောအားဖြင့် သန်လျင်တခုကို ပေးသည်။ သန်လျင်ကို မိမိကိုယ်စား ထမ်းစေရန် ကျွန် ၁၅၉ ယောက်ကိုလည်း ပေးသည်။ လယ်အပယ် ၁၅၀ ကိုလည်း ပေးခဲ့သည်။ကျစ္စာမင်းလက်ထက် ၁၂၃၆ ခုတွင် သီရိဝစုန ပုန်ကန်ရာတွင် သိဿ်ပိကြံဆိုသူ ပါဝင်ခဲ့သဖြင့် သိဿ်ပိကြံမှာ အပြစ်ဖြင့် အဝေးသို့ ရောက်နေခဲ့ရ၏။ သိဿ်ပိကြံ ပုဂံတွင် လာရောက်နေထိုင်ခွင့်ရရန် သူ၏ ဇနီးက မင်းအား သူပိုင် ကျွန်လယ်နှင့် ဥယျာဉ်တို့ကိုပေး၍ ပန်ကြားခဲ့၏။ ဤပန်ကြားချက်ကို ခွင့်ပြုသဖြင့် ရရှိသော ကျွန်လယ်နှင့် ဥယျာဉ်အားလုံးကို ကျစ္စာမင်းသည် မရီးတော် ပထမဖွားစောကို ပေးအပ်ခဲ့လေသည်။ ၁၂၄၂ ခုတွင် ကျစ္စာမင်းသည် ဟင်းလင်းကျွန် ၁၉၃ ယောက်နှင့် လယ်အပယ် ၁၇၀ ထပ်မံ ချီးမြှင့် ပြန်သည်။

ခင်ပွန်းဖြစ်သော နရသိဿ်ဥဇ္ဇနာမင်းကြီး လက်ထက်တွင် မည်သည့်ချီးမြှင့်မှုမျိုးရရှိခဲ့သည်ကို ကား ကျောက်စာတွင် မပါမရှိပေ။ သားတော်ဥဇ္ဇနာမင်း လက်ထက်၌ကား ဖွားစောသည် အထူးအရေးပေးခြင်း ခံခဲ့ရပေသည်။ သားတော်လက်ထက်တွင် ဖွားစောအား ၃ ကြိမ်ချီးမြှင့်ခဲ့၏။၁၂၅၂ ခုတွင် မြေနှင့် ကျွန်အများ ပေးခဲ့သည်။ နောက်တနှစ် ၁၂၅၃ ခုတွင် ဥဇ္ဇနာမင်းကြီး စိုင်သလည် ကျွန်း၌ ပြည်တော်သာလက်ကြီးမည်သော လှေတော်ကို စီးတော်မူသောအခါ ဖွားစောလည်း မိမိလှေနှင့်ယှဉ်၍ လိုက်ခဲ့စဉ်ကတကြိမ်၊ နောက်တနှစ် ၁၂၅၄ ခုတွင် ဥဇ္ဇနာမင်းကြီး အကြေသို့ ပြည်တော်သာလက်ကြီးလှေတော်နှင့် စုန်တော်မူသောအခါ ဖွားစော မိမိလှေနှင့်ယှဉ်၍ လိုက်ခဲ့စဉ်ကတကြိမ် မဟာဒါန်မြေအဖြစ် လှူနိုင်ရန်ဖွားစောအားမြေအမြောက်အများ နှစ်ကြိမ် ပေးတော်မူခဲ့၏။

မြေးတော် နရသီဟပတေ့မင်း လက်ထက်တွင် ရရှိခဲ့သော မြေအချို့နှင့် စပ်လျဉ်း၍ ကန့်ကွက်မှု ပေါ်ပေါက်ခဲ့သဖြင့် တရားဆိုင်၍ ဖြေရှင်းခဲ့ရသည်။ မြေးတော် မင်းကြီးကလည်း ကျွန် ၁၄၈ နှင့် မြေ ၃၅၉၈ ပယ် ပေးပြန်သည်။

ဤကဲ့သို့ မိမိအမွေရသော ပစ္စည်းများနှင့် မင်းအဆက်ဆက်မှ ရရှိသော ပစ္စည်းတို့ကို အို မင်းလာပြီဖြစ်သော ပထမဖွားစောသည် ၁၂၆၅ ခုမှစ၍ ရတနာသုံးပါးအား အကြိမ်ကြိမ် လှူဒါန်းခဲ့လေသည်။ ၁၂၆၅ ခုတွင် အာမနာအရပ်တွင် အရံတံတိုင်းနှင့် ၄ မျက်နှာ ဂူတဆူ၊ ပိဋကတ်တော်ထားရန် ကုလားကျောင်းတခုဆောက်လုပ်၍ လယ်၊ ကျွန်၊ ဥယျာဉ်များလှူသည်။ ၄ နှစ်ကြာပြီးသော် (၁၂၆၉) ပြာသာဒ်စလစ်ဦးထွတ်နှင့် ကုလားကျောင်းကြီးတခုပြု၍ နောက်တကြိမ် လှူ

ပြန်၏။ ၁၂၇၁ ခုနှစ် ကထိန်ပေးရာတွင်လည်း တကြိမ်လျှုပြန်၏။ ယင်းသို့ အရပ်ရပ် လျှုဒါန်းခဲ့သော လယ်၊ ကျွန်စသည်တို့ စာရင်းပြုလုပ်ပြီးနောက် နရသီဟပတေ့မင်း ကွန်းပြောက်ကြီး ထွက်တော်မူရာတွင် မင်းအား စာရင်းပြု၍ မော်ကွန်းတင်ခဲ့လေသည်။ လျှုထားသော လယ် ကျွန်ပစ္စည်းများကို သူတပါးတို့ မနှောင့်ယှက်နိုင်စေရန် အခိုင်အမာပြုသောအားဖြင့် မင်းထံ မှတ်ပုံတင်ခြင်းပင် ဖြစ်ပေသည်။ ဤမျှဖြင့် စိတ်မချသေးဟန်တူသော ဖွားစောသည် ၁၂၇၂ ခုနှစ်တွင် လျှုသော စာရင်းအတိုင်း "မြတ်ကြီစွာ" ကို အပ်နှင်း၍ မြတ်ကြီးစွာအား ကြီးစိုးစေ၏။ ကျိုကြအားလုံးကိုလည်း အုပ်ချုပ်စေရန် မြတ်ကြီးစွာ အား တန်ဆိပ်သံကောက် အပ်နှင်းခဲ့လေသည်။

ဖွားစောသည် ရှေ ငွေ ရတနာ ဥစ္စာ အမျှားကိုစွန့်၍ ဤသာသနာ အဆောက်အဦမျှားကို ဆောက်လုပ် လျှုဒါန်းခဲ့၏။ ယင်းသို့တည်ဆောက်ပြီးနောက် မြေလျှုသည်။ ကျွန်လည်းလျှုသည်။ နွားလည်းလျှု၏။ ယင်းသို့လျှုရာတွင် လျှုရခြင်း၏ ရည်ရွယ်ချက်ကို ဖွားစော ဖော်ပြခဲ့ပေသည်။ မြေလျှုရခြင်းမှာ "ငါမူသော ကောင်းမှုခပ်သိမ်းသောကို၊ အခါမြင့်မြဲတည်စိမ့်သောငှာ" ဖြစ်၏။ ကျွန်လျှုခဲ့ခြင်းမှာ "ငါပြုသော ကောင်းမှုခပ်သိမ်းသောကိုအခါမြင့်မြဲပြုသော၊ ဖာသောစိမ့်သောငှာ တန်လင်းလှည်းစေသော၊ ဘုရား၊ တရား၌ သင်ပုတ် ကွမ်း ပန်း မပြတ် ဝတ် လုပ်ကျေးတင်စိမ့်သောငှာ ဆိမ်းမပြတ်ညီစိမ့်သောငှာ သည်းခံသော သခင်တို့ကို ဆွမ်းပစ္စည်းဖြင့် လုပ်ကျေးစိမ့်သောငှာ" ဖြစ်သည်။ နွားလျှုခြင်းမှာ၊ ရဟန်းတို့အား ရွှီသစ်၊ ရွှီခမ်း၊ ရက်တက်၊ ထောပေ၊ ထောပတ် ဖြစ်သော အရသာငါးပါး စားသုံးနိုင်ရန်ဖြစ်၏။ စည်းစိမ်ခံ အမြိုက်အရသာရှိသော ဤကဲ့သို့သော ပစ္စည်းမျိုး ရဟန်းတို့အား လျှုခြင်းကို သာမန်အားဖြင့် နားလည်နိုင်ကြမည်မဟုတ်ပေ။ အမှန်အားဖြင့် ဤရည်ရွယ်ချက်နှင့်လျှုသော ဖွားစော၏ အလျှုသည် ရဟန်းတို့က ဇီမ်ခံအရသာကို ကြိုက်၍ လျှုခြင်းမျိုးမဟုတ်ပဲ မဟာဝဂ် ပါဠိတော် ဘေသဇ္ဇက္ခန္ဓက လာ ဝိနည်းတော်နှင့်အညီ ပေးလျှုသော လျှုခြင်းသာ ဖြစ်သည်ကို တွေ့မြင်နိုင်ပေသည်။

ဖွားစော၏ ဆုတောင်းမှာလည်း ထူးခြားသည်။ သူသည်အခြားသူများအတွက်နှင့် သူ့အတွက်ဟူ၍ ခဲ့ခြား ဆုတောင်းသည်။ သူ၏ ခင်ပွန်း မင်းကြီး၊ သား မင်းကြီး၊ မြေး မင်းကြီးတို့မှစ၍ သတ္တဝါခပ်သိမ်းအထိ အမျှဝေပြီးနောက် "သံသရာဆင်းရဲမှ ထွက်မြောက်ခဲ့၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေကုန်၏" ဟု ရိုးရိုးသာ ဆုတောင်းသည်။

သူ့အတွက်မူကား–

"နိဗ္ဗာန်မရောက်သောကြား လူဖြစ်သောကား လူတကာထက် မြတ်သော စည်းစိမ်ချမ်းသာ ငါရလို၏။ နတ်ဖြစ်သောလည်း နတ်တကာထက်မြတ်သော နိုင်ငံသော အဆင်းအရောင် အဝါနှင့် ပြည့်စုံ၍ အထူးသဖြင့်လျင် အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရေပ်လှသော၊ လူနတ်ခပ်သိမ်း ချစ်ခင်ရှိသော သော၊ မြတ်နိုးသော ငါဖြစ်လို၏။ ရှေ့ငွေ့၊ ပတ္တမြား၊ ပုလဲ၊ သန္တာက စသော အသက်မဲ့သောဥစ္စာ၊ အသက်ရှိသော ဆင်မြင်းကစသော ဥစ္စာရတနာများစွာသော ငါဖြစ်လို၏။ ဖုန်းတန်ခိုးဖြင့် အနိုင်ငံ အခြံအရံ အကျော်အစောကြီးစွာသော ငါဖြစ်လို၏။ ဖြစ်လေရာရာ အရပ်နှိုက် အလျှုသတင်း သဒ္ဒါပညာကစသော မြတ်သောကျေးဇူးနှင့် ပြည့်စုံလျက် ဆင်းရဲအမှတ် မသိလို၊ လူစည်းစိမ်၊ နတ်စည်းစိမ် ခံစားပြီး၍ အဆုံး၌ကား၊

အရဟတ္တဖိုလ်မည်သော မြတ်သော အကျွတ်တရား ပွင့်လတ်၍ ငြိမ်သက်စွာသော နိဗ္ဗာန်ချမ်းသာ ငါရလို၏။”

ဟု အစေးစိတ် ဆုတောင်းထား၏။ သူ၏ ဆုတောင်းမှပင် သူ၏ စိတ်နေသဘောထားကို ခန့်မှန်းနိုင်ပေသည်။ **အထူးသဖြင့်လျှင်** ဟု သီးခြားကွက်၍ ဖော်ပြထားသော သူ၏ ဆန္ဒတို့မှာ “အကျင့်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ အဆင်းလှခြင်း၊ အသံကောင်းခြင်း၊ အလုံးအစေ့ပ်လှခြင်း၊ လူနုတ်ခမ်းသိမ်းချစ်ခင်ရိုကျေး မြတ်နိုးခြင်း” တို့ပင် ဖြစ်ပေသည်။ သို့ဖြစ်၍လည်း ဤဆုတောင်းကို ဟိုးလီးဝုဒ်ဆန်သည်ဟု ဆရာကြီးလုစ်က ဆိုထားခြင်း ဖြစ်လေသည်။ သံသရာတွင် ရှန်းရှန်းတောက် ခံစား စံစားရမှုကို မက်မောသော လောကီဆန်လှသည့် အတ္တဆန်လှ ... ဆုတောင်းဟု ဆိုဘွယ်ရာ ရှိပေသည်။

သူ၏ မင်းဝိုင်းကျောက်စာတွင် ဖွားစောအမည်ကို ရေးထိုးရာ၌ “သခင်ဖွားစော” ဟု လည်းကောင်း၊ “မြတ်စွာသခင်ဖွားစော” ဟု လည်းကောင်း၊ “မြတ်စွာအသခင်ဖွားစော” ဟု လည်းကောင်း သခင်နှင့်မြတ်စွာတို့ကို အထူးပြုရှေ့ဆက်စကားအဖြစ် သုံးထားခြင်းများကို တွေ့ရ၏။ မဟာထေရ်ကဲ့သို့သော ဟန်းကြီး၊ ဆရာတော်ကြီးများကို ‘မြတ်ကြီးစွာ’ ဟု ပုဂံခေတ်ကျောက်စာတို့တွင် ရေးထိုးထားပုံကို ထောက်ခြင်းအားဖြင့် ပထမ ဖွားစောသည် မည်မျှ ရိုသေလေးစားခြင်းခံခဲ့ရသူဖြစ်ကြောင်းကို ခန့်မှန်းနိုင်ပေသည်။

ပထမဖွားစော အကြောင်းနှင့် စပ်လျဉ်း၍ အစကို အခိုင်အမာ မသိသကဲ့သို့ပင် အဆုံးကိုလည်း မသိရပေ။ နားတောင်းများမင်းလက်ထက် ၁၂၁၂ ခုမှ နရသီဟပတေ့မင်းလက်ထက် ၁၂၇၂ ခု အထိ နှစ် ၆၀ သောကာလအတွက် ပထမ ဖွားစောနှင့်စပ်လျဉ်းသော အကြောင်းအချက်အချို့တို့ကို ကျောက်စာတို့တွင် တွေ့ရ၏။ နားတောင်းများမင်း၏ ချီးမြှင့်ခြင်းကို ခံရသောအခါတွင် ဖွားစောမှာ ထိုမင်း၏ ချွေးမ၊ နရသိဃ်ဥဇနာ၏ဇနီး ဖြစ်နေပြီဟု ယူဆ၏။ ထိုစဉ်က အသက် ၁၈/၂၀ ခန့် ရှိမည်ဟု သာမန်အားဖြင့် ခန့်မှန်းလျှင်ပင် ၁၂၇၂ ခု ရောက်သောအခါ ဖွားစောမှာ အနည်းဆုံး အသက် ၇၅ နှင့် ၈၀ စပ်ကြား ရှိနေပြီဟု ယူဆရန် ရှိပေသည်။

၁၂၇၂ ခု(၆၃၄ ခု၊ ဃယုန်လ)၌ မင်း၏ မြေကို သတ်မှတ် တိုင်စိုက်ကြရာတွင် ပထမဖွားစော၏ အလှူ မြေအတွင်း တိုင်စိုက်မိပြီးမှ ဖြင့် မင်း ကန်းသဘာ ထွက်ရာတွင် ဝတ္ထုပြစည်း ညီအစ်ကိုအားမင်းထံ တိုင်ကြားစေခဲ့သဖြင့် တိုင်မထိစေရန် မိန့်တော်မူခဲ့ကြောင်းမှာ ပထမဖွားစောနှင့်စပ်လျဉ်း၍ နောက်ဆုံးသိရချက်ပင် ဖြစ်သည်။ ဤအကြိမ်တွင် ဖွားစောသည် မြေးမင်းကြီးထံ ကိုယ်တိုင်သွားရောက်နိုင်ခဲ့ခြင်းရှိဟန် မတူပေ။

နောက် ၅ နှစ်ကြာသောအခါ (၆၃၉ ခု၊ တန်ဆောင်မုန်းလ) သော ကန္ဓားမြေ ၁၀၀ ကို ဧဌ ၁၀၀၀ နှင့်ဝယ်၍ မြတ်ကြီးစွာ အစမူသော သံပျဉ်စတုရင်္ဂိုလ်၊ သံပျဉ်မဟာသမန်၊ ဝတ္ထုပြစည်းတို့ ဖွားစောကျောင်းတော်၌ လှူကြောင်းကို မင်းဝိုင်းကျောင်း အခြားကျောက်စာတခုတွင် တွေ့ရ၏။[3] ဖွားစောကျောင်းကိုသာဆိုသည်။ ဖွားစောရှိမရှိကို မဆိုပေ။ ထိုအခါလောက်တွင် ပထမ ဖွားစော အနိစ္စရောက်ခဲ့ပြီဟု ယူဆရန်ရှိပေသည်။

ဒုတိယ ဖွားစော။ ။စောလှဝန်း ဖွားစော

ပထမဖွားစောသည် မိမိ၏ အလှူကောင်းမှုတို့ကို ခန့်ညား၍ ကြီးမားသော မင်းဝိုင်ကျောက်စာကြီးတွင် ရေးထိုးမှတ်တမ်းတင်၍ ထားခဲ့သည့်နည်းတူ၊ ရာဇသူ ဖွားစောခေါ် ဒုတိယ

ဖွားစောသည်လည်း မိမိ၏ကုသိုလ်ကောင်းမှုတို့ကို စောလှဝန်း ကျောက်စာကြီးများ[၈] ဖြင့် မှတ်တမ်းတင်ခဲ့၏။ ယင်းကျောက်စာတို့မှပင် ဒုတိယ ဖွားစောအကြောင်းကို အတော်အတန် သိရပေသည်။ ကျောက်စာတို့၏ မျက်နှာတဖက်တွင်

> "ဤသို့သော ငါလှူသောအကျိုးကား ငါ့အဖိုး ကျစ္စာမင်းကြီး၊ ငါ့ဖွား စောမင်းလှ၊ ငါ့သခင်မင်းကြီး၊ ငါ့သခင်သားတရားမင်းကြီး၊ ငါ့မိ၊ ငါ့ဖ၊ ငါ့ချစ်သား ၂ယောက်၊ ငါ့ဦးရီးသိမ်သူ၊ ငါ့မိထွေး သုံးလူလ၊ ငါ့အစ်မ ရတနာပုံ၊ ငါ့မောင် ၃ ယောက်၊ ငါ့ညီမ ၂ ယောက်"[၉]

စသည်ဖြင့် အမျှဝေသည့်စာရင်းတွင် ဒုတိယ ဖွားစော၏ ဆွေစဉ်မျိုးဆက်ကို အခိုင်အမာ တွေ့ရှိရပေသည်။

ဒုတိယဖွားစော၏ အဖိုးအဖွားမှာ ကျစ္စာမင်းကြီး (၁၂၁၅–၁၂၄၉) နှင့် မိဖုရားစောမင်းလှတို့ ဖြစ်ကြ၏။ မိခင်၏အမည်ကို မသိရပေ။ သို့ရာတွင် မင်း၏သမီးဖြစ်ကြောင်းကို "ငါ့မိမင်း၊ ငါ့ဖ"[၁၀] ဟု ကျောက်စာတမျက်နှာတွင် တွေ့ရချက်အားဖြင့် သိသာနိုင်သည်။ မိခင်၏ညီမမှာ ဥဇနာမင်းကြီး (၁၂၄၉–၁၂၅၆) ၏ တြိလောကစန္ဒြာဘွဲ့ခံ သုံးလူလမိဘုရားကြီး ဖြစ်၏။ ဤသည်တို့ကို ထောက်၍ ဒုတိယ ဖွားစော၏ ဆွေမျိုးအသိုင်းအဝိုင်းမှာ ထိုစဉ်က အထူးဂုဏ်တက်၍ အင်အားတောင့်တင်းလှသော အထက်တန်းလွှာ အသိုင်းအဝိုင်းဖြစ်သည်ဟု ဆိုရပါမည်။

ဒလတွင် ဥဇနာမင်း နတ်ရှာစံပြီးနောက် သားတော်မင်းယဉ် (မင်းယန်) နန်းတက်ခဲ့၏။ မင်းယဉ်မှာ နရသိဟ်ဥဇနာနှင့် ကျစ္စာအန္တယ် ၂ ရပ်လုံးမှ ဆင်းသက်သူ ဖြစ်၏။ ထိုနှစ်မှာပင် မင်းယဉ် နတ်ရှာစံ၍ နရသီဟပတေ့ နန်းတက်ခဲ့သည်။[၁၁] နရသီဟပတေ့ မင်းမှာ ကျောက်စာတို့တွင် **ဥစ္စနာ၊ စည်သူ၊ ပန်ပွတ်သည် မ္ဍိ ယ်**[၁၂] **1 တရုပ် ဍ္ဍ ယ်** ဟု အမည်အမျိုးမျိုးနှင့် တွေ့ရသော မင်းဖြစ်၏။

ဥဇနာမင်းကြီး၏ မိဖုရား ပန်းပွတ်သည် သမီးတွင်မြင်သော ဤပန်းပွတ်သည်မြေး နရသီဟပတေ့မင်းမှာ ထီးနန်းသိမ်းပိုက်ချိန်တွင် အသက်အရွယ်နုနယ်သေးသည်ဟု ဆိုရပါမည်။ အမိဖက်မှ ပန်းပွတ်သည်မျိုးသာဖြစ်နေ၍ ဆွေအားမျိုးအား မတောင့်လှပါ။ သို့ဖြစ်ရကား မင်းအဖြစ် တည်မြဲရေး၊ ပုဂံမင်းဆက် တည်တန့်ခိုင်မာရေးတို့အတွက် ယခင်ကရှိလာသော အစဉ်အလာထက်ပင် ပို၍ ပုဂံတွင် ဩဇာတိက္ကမကြီးလှသော ကျစ္စာမင်းကြီးအန္တယ်ဝင် မိသားစုနှင့် ပိုမိုရင်းနှီးစွာ ပူးပေါင်းမိရန် လိုအပ်နေပေသည်။ တနည်းဆိုသော် ကျစ္စာမင်းကြီးအန္တယ်ဝင်တို့၏ အရှိန်အဝါအင်အားတို့ကိုပါ ယူ၍ ပုဂံနိုင်ငံကို အုပ်စိုးနိုင်ရန် လိုအပ်နေပေသည်။

ဒမည်းတော် ဥဇနာမင်းသည် သုံးလူလ မင်းသမီးနှင့် လက်ဆက်ခြင်းဖြင့် ကျစ္စာမင်းကြီး အန္တယ်နှင့် မဟာမိတ်ပြုခဲ့သည့်နည်းတူ နရသီဟပတေ့မင်းသည် ကျစ္စာမင်းကြီး၏သားတော် သိမ်သူ မင်းသားနှင့် မိဖုရားမိတ္တိတွင်မြင်သော မင်းမိယား (မထိလိုမြေး)[၁၃] နှင့် လက်ဆက်ခဲ့၏။ ထို့နောက် ကျစ္စာမင်း၏ သမီးတော်တပါးနှင့် ဟန်လင်းသည် မြေးမင်းမတ်သရေ (သရိယ်) တွင် မြင်သော ရတနာပုံမင်းသမီးကို မိဖုရားကြီး မြှောက်ခဲ့၏။[၁၄] ၁၂၆၂ ခုတွင် ရတနာပုံမိဖုရား အနိစ္စရောက်ခဲ့လေရာ၊[၁၅] ဩဇာရှိ ဆွေကြီးမျိုးကြီးနှင့် အဆက်မပြတ်ရလေအောင် နရသီဟပတေ့မင်းသည် ရတနာပုံ၏ညီမ ဖွားစောကို ဆက်လက်၍ မိဖုရားကြီးမြှောက်လေသည်။ ဤဖွားစောကား ဒုတိယ ဖွားစော ဖြစ်သည်။ ဖွားစောတွင် ရစသူ (ရာဇသူ) ဟု ခေါ်သော ချစ်မြတ်နိုးလှသည့် သားတော်တပါး

ရှိသည်။ ဖွားစောသည် ဤသား၏အမည်ကို မိမိအမည်ရှေ့တွင်ထည့်၍ မိမိအမည်ကို ရစသူဖွားစော ဟု ရေးလေ့ရှိသဖြင့် ဒုတိယဖွားစောကို ရာဇသူဖွားစော (**ရာစသူဖွာစဝ်**) ဟု လည်းကောင်း၊ စောလှဝန်းတွင် ကုသိုလ်ကောင်းမှုပြုခဲ့သူဖြစ်၍ စောလှဝန်းဖွားစောဟု လည်းကောင်း ခေါ်ဆိုနိုင်၏။

မြန်မာရာဇဝင်ကျမ်းတို့တွင်သာ ရှိသည့် တဦးတည်းသော မိဖုရားဖွားစောမှာ ဤ ဒုတိယ ဖွားစောကို ညွှန်းဟန်ရှိပေသည်။ အထက်တွင် ကျောက်စာ အထောက်အထားများအရ ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း ဤဖွားစောမှာ ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသကဲ့သို့ ဆိတ်ထိန်း ကမ်းဖြူ ရွာသူ တောင်သူကြီး သမီးမဟုတ်သည်မှာ ထင်ရှားပေသည်။ သူသည် ပုဂံ မင်းတပါး ဖြစ်သော ကျစ္စာမင်း၏ မြေးတပါးဖြစ်သည်။ မင်းမြေးဟုဆိုရာတွင် မည်ကာ မတ္တာမြေးမျိုးမဟုတ်၊ အဖိုးမင်းကြီးနှင့် အဖွားမိဖုရားကြီးတို့က တယုတယ ချစ်မြတ်နိုးအပ်သော အချစ်တော် မင်းမြေး ဖြစ်သည်ကို သူ၏ကျောက်စာတို့တွင် တွေ့မြင်နိုင်လေသည်။

ဒုတိယဖွားစောက မိမိသည် ကျစ္စာမင်းကြီး၏ မြေးဖြစ်ကြောင်းကို ဂုဏ်ယူ၍ ဖော်ပြခြင်း[၁၀] ကုသိုလ်ကို အမျှဝေရာတွင် အဖိုးမင်းကြီးနှင့် အဖွားမိဖုရားကြီးတို့ကို ရှေးဦးလက်မှန် နေရာပေးခြင်း[၁၁] တို့တွင် ဖွားစောသည် အဖိုးနှင့်အဖွားတို့အား မည်မျှချစ်ခင်လေးစားသည်ကို တွေ့နိုင်ပေသည်။ ကျစ္စာမင်းကြီးက ဖွားစောအား သမီးအမှတ်ပြု၍ မြေနှင့်ကျွန်များကို ချီးမြှင့်ခဲ့ခြင်း၊[၁၂] အဖွား စောမင်းလှကလည်း ဖွားစောငယ်စဉ် ထမင်းရည်လယ်အဖြစ် လယ်နှင့်ကျွန်များကို ပေးခဲ့ခြင်း၊[၁၃] ကြေးနှင့်သွင်း၍ရရှိသောကျောက်ဆည်နယ် စင်ကြယ်မြေကို ဖွားစောအား ငယ်စဉ်က ပေးခဲ့ခြင်း၊[၁၄] အကြေဒလတွင်ရှိသော စကျပ်အိုးထိန်းမြေနှင့် လူများကိုလည်း ပေးခဲ့ခြင်း[၁၅]တို့မှာလည်း အဖိုးနှင့်အဖွားတို့သည် ဖွားစောအား သမီးရင်းတမျှ ချစ်ခင်မြတ်နိုးကြောင်းကို သိသာနိုင်ပေသည်။

မင်းကေရာင်၏ ချစ်မြတ်နိုးလှသော မြေး၊ မင်းကေရာင်၏ဇနီး မိဖုရားကြီး၏တူမ၊ မိဖုရားကြီးတို့၏ညီမဖြစ်သော ဒုတိယဖွားစောမှာ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းလက်ထက်တွင် စည်းစိမ်ဥစ္စာနှင့် တန်ခိုးအာဏာအရာ၌ အခေါင်အထွဋ်ဆို့ ရောက်ခဲ့သူဖြစ်ပေသည်။ ပုဂံကို တာတားတို့ ဝင်ရောက်တိုက်ခိုက်၍ ပြည်ထဲပျက်စီးပြီးနောက် တရုတ်ပြေးမင်းလည်း လုပ်ကြံခြင်း ခံခဲ့ရသည်။ တရုတ်ပြေးမင်းကိုဆက်ခံသောသားတော် ကျော်စွာမင်းလက်ထက်တွင် ဒုတိယဖွားစောသည် မိဖုရားကြီးအဖြစ် ဆက်လက်ချီးမြှောက်ခြင်း ခံရ၏။ ဘရေးတယူပြုခြင်း၊ နေရာပေးခြင်းလည်း ခံရ၏။ ဖွားစော၏ အရှိန်အဝါနှင့် သြဇာအာဏာမှာ မေ့မှိန်ခဲ့ခြင်း မရှိပေ။ သို့ပင်ဖြစ်လင့်ကစား၊ ပထမ ဖွားစောလောက် အိုက်မကောင်းရှာသော ဒုတိယ ဖွားစောသည် တာတားတို့၏ စစ်ဒဏ်၊ ခင်ပွန်းသည် မင်းကြီး တိမ်းပါးဆုံးရှုံးခဲ့ရသည့်ဒဏ်တို့ကြောင့် စိတ်ညှိုးနွမ်းခဲ့ရရုံသာမက ကျော်စွာမင်းလက်ထက်တွင် စိတ်ကြေကွဲဘွယ်ရာအဖြစ်အပျက်နှင့် ရင်ဆိုင်ခဲ့ရပေသည်။

ဒုတိယဖွားစောက မိမိတွင် သားတော် ၂ ပါးရှိကြောင်း သူ၏ကျောက်စာတွင် ဆိုထား၏။[၁၆] တပါးမှာ ဆိုခဲ့ပြီးသည့်အတိုင်း အမည်ကို မိမိအမည်ရှေ့တွင်ထည့်၍ ဦးစားပေး ခေါ်ရလောက်အောင် ချစ်မြတ်နိုးလှသည့် ရာဇသူ (ရစသူ) ဖြစ်၏။[၁၇] အခြားသားတော်တပါးမှာ ကျစ္စာ(ကျွစ္စာ) ဟု ထင်ရ၏။ သို့သော် 'မင်းကြီးသားကျစ္စာ'[၁၈] ဟု ခေါ်ထားသဖြင့် ဖွားစော၏ ရင်ဝယ် လွယ်ရသော သားကား မဟုတ်တန်ရာ။ မည်သို့ပင်ဖြစ်စေ ဤကျစ္စာသည် ကျောက်ဆည်ဒေသ၌ တန်ခိုးကြီးလာသော ရွှမ်းညီနောင် ၃ ဦးတို့ထက် ဦးစား ရသူဖြစ်ကြောင်း[၁၉] အလျှဉ်းသင့်၍ ဖော်ပြလိုပေသည်။

ချစ်လှသော သားရာဇသူနှင့်အတူ ဒုတိယဖွားစောသည် ၁၂၉၀ ပြည့်တွင် မြတ်ကြီး

အစလဗုဒ္ဓိကို ကျောင်းတင်၍ ကြီးစွာသောအလှူကို ပေးခဲ့၏။ "ထိုနှစ် ကထိန်ပေးရာတွင်လည်း သားအမိနှစ်ဦး အတူတကွ ထပ်မံလှူကြပြန်သည်။" ၁၂၉၁ ခုနှစ်ဦး နေ့ရာသီတွင် ဖွားစော၏ ချစ်စွာသော သား ရာဇသူအနိစ္စရောက်ခဲ့၏။ "သားချစ်ရာဇသူကွယ်လွန်ခြင်းမှာ တာတားတို့ ဝင်တိုက်သည်ထက်၊ ခင်ပွန်းမင်းကြီး နတ်ရွာစံသည်ထက် ဖွားစောအား ပို၍ စိတ်ထိခိုက်မှု၊ ကြေကွဲဝမ်းနည်းမှုတို့ကို ဖြစ်စေခဲ့ဟန်တူ၏။ အနိစ္စရောက်ပြီး ၂ လခန့်အကြာ ရာဇသူစေတီကို တည်သော အခါတွင် ဒုတိယဖွားစော နှလုံးထိတ်လန့်၍ သံဝေဂရခဲ့ပုံကို သူ၏ကျောက်စာတွင်

> "သက္ကရာဇ် ၆၅၃ ခု နယုန်လဆန်း ၁၁ ရက် ၅ နေ့အစော ရာဇသူစေတီတည်သော သခင် ရာဇသူ နှလုံးထိတ်လန့်လတ်ရကား၊ ငါ၏ မိဖ ဖိုးဖေးတို့လည်း အမွေဥစ္စာကို စွန့်ခဲ့၍ သွားခဲ့ကုန်၏။ ချစ်စွာသော ငါ့သားလှလည်း အမွေဥစ္စာတို့နှင့်တကွ ငါအမိရင်းကို စွန့်ခဲ့ပြီတကား၊ ငါလည်း သူမယူနိုင်၍ထားခဲ့သော အမွေဥစ္စာကို ငါလည်း ထိုသို့ လည်း ကောင်း မပါတတ်သည့်အကြောင်းကို သိရကား ငါ့မိ၊ ငါ့ဖ၊ ငါ့သား၊ အမျိုးခပ်သိမ်းတို့ နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ဖြစ်စိမ့်သောဌာလှူတုံသော...."

စသည်ဖြင့် ဖော်ပြထား၏။

စေတီမတည်မီတရက်၊ ကျော်စွာမင်းကြီး ကွန်းပြောက်ကြီးထွက်တော်မူသောအခါ မိမိပိုင်နှင့် မိမိအမွေရထားသော ကျွန်အားလုံးကို ရတနာသုံးပါးအား လှူရပါမည့်အကြောင်း ဖွားစော လျှောက်ထားခဲ့ပုံမှာလည်း ကြေကွဲဖွယ်ပင် ဖြစ်ပေသည်။ ဖွားစောက

> "အတို့ကျွန် ဖလည်း မရှိ၊ အတို့ကျွန် မိလည်း မရှိ၊ အတို့ကျွန် သားလည်း မရှိ၊ အတို့ကျွန် ဖကျွန်။ အတို့ကျွန် မိကျွန်။ အတို့ကျွန် ကျွန်ခပ်သိမ်းသော ကျွန်ကား အတို့ကျွန် မိကျောင်း၊ အတို့ကျွန် ဖကျောင်း၊ အတို့ကျွန်သား စေတီ၌ ၃ ပါးကို အတို့ကျွန် လှူရကား လှူတော်မူစေချင်...."

ဟု လျှောက်ထားခဲ့သည်။

ဖွားစောမှာ ချစ်ခင်သူတို့နှင့် ကွေကွင်းရ၍ အထီးကျန်၊ ကျန်ရစ်ခဲ့ရရှာသည်။ မိမိ၏ အထီးကျန်ဘဝကို မျှိုသိပ်နိုင်ဟန်မတူသော ဖွားစောသည် သူ၏ကျောက်စာတွင်

"မိဖ ဆွေမျိုးခပင်း လွန်ခဲ့၍ ငါတယောက် အထီးကြွင်းရစ်ရကား" ဟု ဖော်ထုတ်ရေးထိုးခဲ့ပေသည်။

မည်သို့ပင် အထီးကျန်ဖြစ်၍ စိတ်ဝမ်းငယ်နေစေကာမူ ပုဂံခေတ် နောက်ပိုင်း အုပ်ချုပ်ရေးတွင် ကျွစ်စွာမင်းအနွယ်ကို ကိုယ်စားပြုရသော ဖွားစော၏ တန်ခိုးအရှိန်မှာ ရှိနေဆဲပင် ဖြစ်၏။ တာတားတို့ ဝင်ရောက်တိုက်ခိုက်စဉ်တွင် အခွင့်အရေးယူ၍ ပုဂံ၏ ကျောထောက်နောက်ခံဖြစ်သော ၁၁ ခရိုင်၌ အခြေစိုက် တန်ခိုးထွားလာခဲ့သော အသခ်ယာ၊ ရာဇသကြီးနှင့် သီဟသူရ ရှမ်းညီနောင် ၃ ပါးတို့သည် ပုဂံတွင် အုပ်စိုးနေသောမင်းကို တဖြည်းဖြည်းအံ့တုလာခဲ့သည်။ ၁၂၈၉ ခု ကျော်စွာမင်း ရာဇဘိသေကခံသည့်ပွဲတွင် ရှမ်းညီနောင် ၃ ဦးတို့အနက် အသခ်ယာတဦးသာ တက်ရောက်ခဲ့ဟန်တူ၏။ ၁၂၉၅ ခု အကုန်လောက်တွင်မူ "ဖုန်းတန်ခိုးအသရေနှင့် ပြည့်စုံစွာသော သီဟသူရ မည်သော မင်းကြီးသည်" ဟု သီဟသူရသည် မင်း၏ဘွဲ့အမည်ကို အပြည့်အစုံခံယူလာခဲ့သည်။ သို့သော်လည်း ရှမ်းညီနောင်တို့သည် ပုဂံနန်းဆက်ကို ဖြိုဖျက်ရန် မဝံ့ကြသေးပေ။ အခြားအခြားသော

အကြောင်းတို့အပြင် မိဖုရားကြီးဖွားစောအား ထောက်ထားရန် ရှိနေသောကြောင့် ရှမ်းညီနောင်တို့သည် ပုဂံမင်းနှင့် ထီးနန်းကို မထိပါးခဲ့ကြခြင်း ဖြစ်ဟန်တူပေသည်။

ရှမ်းညီနောင်တို့အနက် အကြီးဆုံးဖြစ်သော အသင်္ခယာသည် ဥဇ္ဇနာမင်းကြီးနှင့် သုံးလူလတို့၏ မြေး၊ တရုတ်ပြေးမင်းကြီး၏ သမီး၊ ဖွားစောတူမဖြစ်သူ စဝ်ဦးနှင့်ပင် လက်ဆက် ခဲ့ပေသေးသည်။[၁၁၈] ထိုခေတ်ကျောက်စာအများ၌ ဖွားစောသည် ရှမ်းညီနောင်သုံးဦးသာမက၊ ကျစွာထက်ပင် ဦးစားပေး နေရာရသည်ကို တွေ့ရ၏။ ဤမျှဖြင့် အသက်အရွယ်ကြီးရင့်လာသည့်တိုင်အောင် အရှိန်ကောင်းဆဲဖြစ်သော ဒုတိယဖွားစော၏ ဩဇာတိက္ကမနှင့် ဂုဏ်ဒြပ်တို့ကို ခန့်မှန်းနိုင်ပေသည်။

ဒုတိယဖွားစော၏ ကျောက်စာတို့မှာ ဖွားစော စိတ်ဓာတ်အလွန်ကျနေချိန်တွင် ရေးထိုးထားခဲ့သည်ဖြစ်ရကား ယင်းတို့မှ ဖွားစော၏ စိတ်နေသဘောထားအမှန်ကို ခန့်မှန်းယူရန် မလွယ်ကူလှပေ။ ဖွားစောသည် ပုဂံခေတ် စီးပွားရေး၏အခြေခံဖြစ်သော ကိုယ်ပိုင်လယ်မြေနှင့် ကျွန်များကို ရတနာ ၃ ပါး အတွက် စွန့်လွှတ် လှူဒါန်းခဲ့၏။ မိမိ အမြတ်တနိုး ဝတ်ဆင်အပ်သော အဖိုးတန်ကိုယ်ဝတ် တန်ဆာများနှင့်တကွ နေအိမ်နှင့် အိမ်ရာတို့ကိုပါ ရက်ရက်ရောရော လှူခဲ့ကြောင်းကို သူ၏ ကျောက်စာမှ ဤသို့သိရ၏။

> "ဤမျှသော မြေ ကျွန်များ၊ဦးခေါင်းဆင်သော တန်ဆာ၊လည်ဆင်သော တန်ဆာ၊ကိုယ်ဆင်သော တန်ဆာ၊ ခါးဆင်သော တန်ဆာ၊ ခြေဆင်သော တန်ဆာ၊ သခင်သင်္ဃာတို့၏ စားဆွမ်းဖြစ်စိမ့်သောကြောင့် ငါနေသော အိမ်နှင့် အိမ်ရာအားလုံး၊ အယုတ်သဖြင့်ကာ နိမ့်ဖွယ်သည်လျှင်လေ ရတနာ ၃ ပါးသော ဥစ္စာတည်း"[၁၂၀]

ဒုတိယဖွားစောနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဘွယ်ကောင်းသော အခြားအချက်တခုမှာ ကျေးပိုင်ကျွန်ပိုင် ပဒေသရာဇ်ခေတ် ပုဂံလူအဖွဲ့အစည်းတွင် အောက်ခြေ၌ ရောက်နေသော ကျေးကျွန်တို့မှာ အထက်တန်းလွှာ လူတန်းစား၏ ကိုယ်ပိုင်ဥစ္စာပစ္စည်းများပင် ဖြစ်နေလင့်ကစား၊ ဖွားစောသည် ထိုကျေးကျွန်တို့အပေါ် တွင် လူ–လူ ချင်းသဘောထား၍ သနားညှာတာမှုနှင့် ထောက်ထားမှုများ ရှိသူဖြစ်ခြင်းပင်တည်း။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဖွားစောထားရှိသော ဤ မွန်မြတ်လှသည့် စိတ်နေသဘောထားကို သူ့ကျောက်စာကြီး၏အဆုံးတွင် တွေ့နိုင်ပေသည်။ ကျောက်စာ၏ အဆုံးတွင် ဖော်ပြထားသော သူ၏ဆန္ဒကား–

> "စားဆွမ်း၌ လုပ်ကျွေးသော ကျွန်တို့လည်း ဖျား၊ နာ၊ အိုမင်းခဲ့သော်ကား သခင်အရိယာတို့ သိမ်းမြန်းစေသတည်း"[၁၂၁] ပင်ဖြစ်၏။

မည်သည့်ခုနှစ်တွင် ဒုတိယဖွားစော အနိစ္စရောက်ကြောင်းကို မသိရသေးပါ။ ဒုတိယဖွားစော၏ညီမ တတိယဖွားစော၏ ကျောက်စာတွင်

"ငါ့အစ်မ ပျံတော်မူပြီကား ငါအမိဖုရားမြှောက်သော"[၁၂၂]ဟု ပါရှိပေသည်။ ဤကျောက်စာတို့ကို ၁၃၀၀ ပြည့် အစောပိုင်းတွင် ရေးထိုးခဲ့ခြင်းကို ထောက်၍ ဒုတိယဖွားစော အနိစ္စရောက်သည်မှာ ၁၃၀၀ မတိုင်မီနှစ်များအတွင်းကဟု ယူဆရပေသည်။ တဖန်ကျော်စွာ[၁၂၃]မင်းကို ၁၂၉၈ ခုနှစ်အစလောက်တွင် နန်းကျမင်း(နန်ကျမင်)ဟု စတင်တွေ့ရှိရသဖြင့်[၁၂၄] ဒုတိယဖွားစော အနိစ္စရောက်သည်မှာ ၁၂၉၈ ခုနှစ်မတိုင်မီ(ကျော်စွာမင်း နန်းမကျမီ)ကဟု ယူဆရန်လည်း ရှိနေပေသည်။

တတိယ ဖွားစော။ ။သစ်မထီး ဖွားစော

ဒုတိယ ဖွားစော၏ ညီမအရင်းဖြစ်သော ဤတတိယ ဖွားစော၏ ဆွေစဉ်မျိုးဆက်အကြောင်းကို အထူးတလည် ဖော်ပြရန် လိုအံ့မည်မထင်ပါ။ ကျော်စွာမင်း နန်းမကျမီ ဒုတိယ ဖွားစော ကွယ်လွန်သောအခါ အစ်မနေရာတွင် မိဖုရားကြီးအဖြစ် ဆက်ခံခဲ့ရသူ ဖြစ်ကြောင်းကိုလည်း အထက်တွင် ဆိုခဲ့ပြီး ဖြစ်လေသည်။ ပထမဖွားစော၊ ဒုတိယဖွားစောတို့နည်းတူ၊ တတိယဖွားစော သည်လည်း ခန့်ငြား ထည်ဝါသော ကျောက်စာကြီးများကို ထားရစ်ခဲ့ပေသည်။ သူ၏ကျောက်စာကြီးတို့မှာ ပုဂံမြို့ အရှေ့တောင် ၂ မိုင်ကျော်ကွာ၊ အနောက်ဖွားစောရွာ၊ ဆုတောင်းပြည့်စေတီရှိ ကျောက်စာကြီးများ ၁၂၃ ဖြစ်ပါသည်။ ဤဒေသအနီးတွင် အရှေ့ဖွားစောရွာ၊ အနောက်ဖွားစောရွာ ဟု ရွာ ၂ ရွာ ရှိရာ ထိုရွာတို့မှာ မိဖုရားဖွားစော နေထိုင်သွားခဲ့သောကြောင့် ဖွားစောရွာဟု ခေါ်တွင်ခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ကျောက်စာတို့တွင် ဤဒေသတဝိုက်ကို သစ်မထီး ဟု ခေါ်သည်။ သို့ဖြစ်၍ တတိယဖွားစောကို "သစ်မထီး ဖွားစော" သို့မဟုတ် "ဖွားစောရွာ ဖွားစော"ဟု ခေါ်နိုင်ကြောင်း ဆရာကြီးလုစ်ထံမှ မှတ်သားခဲ့ရဘူးပါသည်။

ယိုးဒယားပြည် သတင်းဂျာနယ်တွင် ရေးထားခဲ့သော "မြန်မာနိုင်ငံသမိုင်းလာ အစောပိုင်းရှမ်း" စာတမ်းတွင် ဆရာကြီးလုစ်သည် ဒုတိယဖွားစောနှင့် တတိယဖွားစောတို့ အကြောင်းကို သက်ဆိုင် လိုအပ်သလို ရည်ညွှန်း ဖော်ပြထားပါသည်။ ၁၂၄ ပုဂံခေတ် နောက်ပိုင်းတွင် တန်ခိုးကြီးလာသော ရှမ်းညီနောင် ၃ ဦးတို့သည် ပထမ ပုဂံမင်း ကျော်စွာနှင့် အလိုက်အထိုက်ဆက်ဆံကာ ကျော်စွာမှတဆင့် မိမိတို့၏ ဩဇာ အာဏာတို့ကို သုံးလာခဲ့ကြဟန် တူသည်။ ဤကဲ့သို့အုပ်ချုပ်မှု အာဏာကို အပြင်လူတို့က စွက်ဖက် ချုပ်ကိုင်လာသောအခါ၊ နရသိဃ်ဥဇ္ဇနာ၏ အနွယ်ဖြစ်သော ကျော်စွာမင်းမှာ နားတောင်းများ အနွယ်ဝင်၏ အရှိန်အဝါ အကူအထောက်ကို ပို၍ပင် လိုလာတော့သည်။ သို့ဖြစ်၍လည်း ဒုတိယဖွားစော အနိစ္စရောက်သောအခါ ကျော်စွာမင်းသည် မိမိ၏ အမိအရွယ်မျှရှိသော တတိယဖွားစောကို မိဖုရားကြီးအဖြစ် ချီးမြှောက်ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

တဖက်တွင် ကျော်စွာမင်းသည် မွန်ဂိုလ်တာတားတို့၏ အကူအညီနှင့် အသိအမှတ်ပြုမှုကို ရရန်ကြိုးစားခဲ့သည်။ဤကြိုးစားမှု အောင်မြင်၍ တာတားသံ ပုဂံသို့ ရောက်လာသောအခါ၊ကျော်စွာမင်းသည် ဒူးထောက် အညံ့ခံသည့် သဘောရောက်အောင် တာတားမင်းအား ရှိသေလေးစားမှုကို နဖူး မြေထိ ပြသသဖြင့် တာတားတို့၏လက်အောက်မှ လွတ်မြောက်လိုသော ရှမ်းနှင့်မြန်မာတို့သည် တာတား တော်လှန်ရေးကို ဦးဆောင်နေသော ရှမ်းညီနောင် ၃ ဦးနှင့် ပူးပေါင်းသွားသည် ဟု ယူဆရ၏။ ဤတွင် ရှမ်းညီနောင် ၃ ဦးတို့၏ ဟန်ဆောင်ဆက်သွယ်မှုသည် လုံးဝ ပြောင်းလဲခဲ့၏။ ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း သူတို့သည် ကျော်စွာမင်းကို ဖမ်းဆီး နန်းချခဲ့ကြ၏။ (၁၂၉၈)၁၂၅

ပုဂံနန်းတွင်မူ ကျော်စွာမင်း၏သား စောနစ်ကို ရုပ်သေးမင်းအဖြစ် နန်းတင်ခဲ့၏။ ဤသို့ ပုဂံမင်းဆက်ကို နန်းတင်ထားရခြင်းမှာ မွန်ဂိုလ်တို့ကို လှည့်စားနိုင်ရန် ဖြစ်ပေသည်။ ပုဂံ ကျောက်စာတို့တွင် ဤမင်းကို မင်းလုလင်(မင်လုလင်)ဟု ရေးထိုးကြသည်။ ၁၂၆ တတိယဖွားစော စောနစ်မင်းလက်ထက်တွင် ထင်ရှားခဲ့သူ ဖြစ်ပေသည်။ ဖွားစော၏ ဆုတောင်းပြည့်စေတီ ကျောက်စာတွင် "ဆင်ဖြူသခင် ဂြိတြိဘဝနာဒိတျာပဝရ ဓမ္မရာဇာမင်း၏ အထောင်မကသော အရောင်အဆင်း

လှသော မိန်းမတို့ထက် အစိုးရထသော အမိဖုရားစော" [၁၂၈] ဟု ရေးထိုးထားသဖြင့် ကျော်စွာမင်း၏သား စောနစ်လက်ထက်တွင်လည်း တတိယဖွားစောကို မိဖုရားကြီးအဆင့်တွင် မြှောက်စားခဲ့သည်ဟု ဆိုနိုင်ပေသည်။ ဤမြှောက်စားမှုမှာ အဆောင်အယောင်ပေးမှု အခွင့်အာဏာပေးမှုမျှသာ ဖြစ်မည်ဟု ယူဆရ၏။ ယင်းကျောက်စာ၏ အောက်ပိုင်းတွင် သစ်မထီးအရပ်၌ တည်ဆောက်လှူခဲ့သော စေတီ၊ ပိဋကတ် ၃ ပုံ၊ ကျောင်း၊ စာသင်ကျောင်း၊ သိမ် အစရှိသည်တို့ကိုလှူ၍ တရားနာသော အခါ၊ "မြေးဖြစ်ထသော ဘုရားလောင်း သြိတြိဘဝနာ ဒိတျာပဝရ ဓမ္မရာဇာ မည်သော မင်းကြီးလည်း လာတော်မူပါ၍ တရားလည်း နာတော်မူပါ၏။" [၁၃၀] ဟု ဆိုထားသဖြင့် တတိယဖွားစောသည် စောနစ်မင်းအား မြေးဟုသဘောထားကြောင်း သိရပေသည်။ အမှန်စင်စစ် စောနစ်မင်း၏ ဘိုးတော် တရုတ်ပြေးမင်းကြီးမှာ ဖွားစောနှင့် နှစ်ဝမ်းကွဲ မောင်နှမ တော်ရုံသာမက၊ ခဲအိုလည်း တော်နေသည်ကို ထောက်ရှုရာသည်။

တတိယဖွားစော၏ ကျောက်စာကြီး ၄ မျက်နှာလုံး၌ "ငါ့သခင်ရင်း မင်းကြီး ငါ့အစ်မကို ပေးတော်မူ၏။ ငါ့အစ်မ ပျံတော်မူပြီကာ ငါ့ကိုပေးတော်မူသော" [၁၃၁] ဟု လည်းကောင်း၊ "ငါ့သိခင်မင်ရင်း မင်းကြီးပေးတော်မူသော" [၁၃၂] ဟု လည်းကောင်း၊ အမျှဝေရာတွင် "ငါ့သခင်ရင်း မင်းကြီး ငါ့မြေးမင်းကြီး" [၁၃၃] ဟု လည်းကောင်း ဖော်ပြထားချက်ကို ထောက်၍ ဖွားစော၏ ခင်ပွန်းမှာ အစ်မ၏ခင်ပွန်း ဖြစ်ခဲ့သည်။ ဖွားစော၏ခင်ပွန်းမှာ မြေးမင်းကြီး စောနစ်မဟုတ်ကြောင်း ထင်ရှားသည်။ အစ်မ၏ခင်ပွန်း ဖြစ်သည်ဆိုလျှင် တရုတ်ပြေးမင်းလည်း ဖြစ်ဘွယ်ရာအကြောင်း ရှိ၏။ ယို့ယော် ဤကျောက်စာတို့၌ပင် တရုတ်ပြေးမင်းကို "စည်သူမင်းလက်ထက်" "စည်သူမင်သာရစသူ" [၁၃၄] ဟု ခွဲခြားဖော်ပြထားခြင်း။ တနေရာတွင် "ရစသူအတည်မယ်၍ ငါ့အစ်မကို ပေးတော်မူ၏။ ငါ့အစ်မ ပျံတော်မူပြီးကာ ငါ့အမိ ပုရှာမြှောက်သော ပေးတော်မူတုံသော" [၁၃၅] ဟု ဆိုထားခြင်း။ အစ်မဖြစ်သူ ဒုတိယဖွားစော ကွယ်လွန်သည်မှာ ကျော်စွာမင်း လက်ထက် ဖြစ်ခြင်းတို့ကြောင့် တတိယဖွားစော၏ ခင်ပွန်းမှာ ကျော်စွာမင်းဖြစ်ကြောင်း ထင်ရှားပေသည်။ ဤကျောက်စာ၌ပင် ကျော်စွာမင်းကို ငါ့သခင်ရင်းဟု မရေးပဲ၊ တလသူကြီးဟု တကြိမ်ခေါ် ထားခြင်းကို တွေ့ရပေသည်။ [၁၃၆] ဤသို့ ခေါ်ဝေါ် ရေးသားခြင်းမှာ "တလသူကြီးမင်းဖြစ်သည်၊ ကျွန်မူစစေဟု ပေးသော" ဟု စကားစပ်နှင့် လာရှိသည့်အတိုင်း၊ ကျော်စွာမင်း ဖြစ်စအချိန် တတိယဖွားစောကို မိဖုရားမမြှောက်မီ ပေးခဲ့သောကြောင့် ဖြစ်ဟန်တူပေသည်။

ကျော်စွာမင်းကို ရှမ်းညီနောင် ၃ ဦးတို့နန်းချ၍ လုပ်ကြံကြသောအခါ တတိယ ဖွားစောသည် စိတ်နာကျည်းသဖြင့် ပုဂံမှဖယ်ခွါကာ ဤသစ်မထီးအရပ်သို့ လာရောက်နေထိုင်ခဲ့ဟန် တူ၏။ ထိုအရပ်၌ မိမိ၏သမီး၊ တူတဦးနှင့်အတူ ဂူဘုရား အသစ်များကို တည်ဆောက်ခြင်း၊ အဟောင်းများကို ပြင်ဆင်ခြင်းတို့ဖြင့် ဘဝကို ကုန်လွန်စေခဲ့ဟန် တူပေသည်။ [၁၃၇]

တတိယဖွားစော၏ ကျောက်စာတွင် "ငါ့သမီးပြုသော ကူ ၄ မျက်နှာသော ဆီမီး ၄ ခွက် ညီစေသတည်း" [၁၃၈] ဟု သမီးပြုသော ၄ မျက်နှာရှိ ဂူအကြောင်းကို ဆိုထားပေသည်။ ဤဂူဘုရားမှာ ၁၃၃၄ ခုတွင် ဖွားစောလှူဒါန်းခဲ့သော သစ္စာဝတီ ဘုရားဖြစ်ဟန်တူကြောင်း ဆရာကြီးလှစ်က ဆိုပေသည်။ [၁၃၉]

တတိယဖွားစောသည် ၁၃၁၀ တွင် မောင်တော်၏ သားဖြစ်သော မဟာသက်ထိတ်၏ဂူ ကျောင်းကို လယ်မြေနှင့် ကျွန်အများ လှူတော်မူခဲ့ကြောင်း သိရ၏။ [၁၄၀] ဖွားစောပြုခဲ့သော

ထင်ရှားသည့် အခြားကောင်းမှုတခုမှာ ကျွစ္စာမင်း မိဖုရား၏ ကောင်းမှုဟောင်းဖြစ်သော သစ်မထီး ကျောင်းကို ပြင်ဆင်၍ လယ် မြေ ကျွန် လှူဒါန်းခြင်း (၁၃၀၂)ပင် ဖြစ်သည်။ [၁၄၁]

ဤသို့ အကြိမ်ကြိမ် လှူဒါန်းခဲ့သော လယ်ကျွန်ပစ္စည်းများ ရရှိခဲ့ပုံကိုဖော်ပြရာ၌ စိတ်ဝင်စားဘွယ်ကောင်းသော အကြောင်းအရာအချို့ မရည်ရွယ်ပဲ ပါဝင်လာသည်ကို ဤဖွားစော၏ ကျောက်စာတို့မှ တွေ့ရပေသည်။ အစ်မတော် အနိစ္စရောက်ပြီးနောက် အစ်မတော်၏ နေရာတွင် ဆက်ခံသောအခါ ဆက်ခံရသောလယ်မြေတို့မှာ အပယ်ပေါင်း ၇၅၆၃ ပယ်ပင်ရှိကြောင်းတွေ့ရ၏။ [၁၄၂] ကျွန်များလှူရာတွင် အစုဖွဲ့၍ အစု (ခေါင်း) လိုက် လှူဒါန်းခဲ့သည်။ [၁၄၃] လှူသောမြေ အချို့မှာ အမိ၊ အဖ ၂ ဦးလုံးမှ၊ အဖတဦးတည်းမှ၊ ခင်ပွန်းဖြစ်သူ "ငါ့သခင်ရင်း"ထံမှ ရသည့်မြေ များ ပါဝင်နေ၏။တရုတ်ပြေးမင်း လက်ထက်တွင် ရှိနေသေးသည်ဟု ယူဆရသော ကျွစ္စာမင်းကြီး၏ မိဖုရား စောမင်းလှ၏ ရွှေခတ်ကြိုးကို စစ်သူကြီး လက်ဝဲ၏ တပည့်တပန်းတို့ ခိုးယူခဲ့ကြ၏။ ယင်းသို့ ခိုးယူသည့် ရွှေအစား ကျွန် ၁၀၀ ပေးရန် တရုတ်ပြေးမင်း အဆုံးအဖြတ်ပေး၍ ကျွန် ၁၀၀ ရရှိခဲ့ သည် [၁၄၄] ကိုလည်း ဖွားစောဆက်ခံ၍ လှူဒါန်းခဲ့ကြောင်း တွေ့ရပေသည်။ အချို့ကျွန်တို့မှာ မူလက တရုတ်ပြေးနှင့် ဒုတိယ ဖွားစောတို့၏သား ရာဇသူပိုင် ကျွန်များဖြစ်ကြောင်း၊ ရာဇသူ အနိစ္စ ရောက်သောအခါ ရာဇသူအမိ ဖွားစောအား မင်းပေးခဲ့ကြောင်း၊ ရာဇသူအမိ ဖွားစောအနိစ္စရောက်၍ တတိယ ဖွားစောအား မိဖုရား မြှောက်သောအခါ မင်းက ဆက်လက်ပေးခဲ့ကြောင်းလည်း တွေ့ရ ပေသည်။ [၁၄၅]

ဤဖွားစော၏ ကျောက်စာတို့မှ ထိုခေတ် ပုဂံသမိုင်းစဉ် အခြေခံသဘော အချို့ကိုလည်း သိရပေသည်။ ယင်းသဘောမှာ ပုဂံပျက်ပြီးနောက် ရှမ်းညီနောင် ၃ ဦးတို့ တန်ခိုးထွားလာခြင်း အပေါ်တွင် ပုဂံနန်းဆက်၏ အုပ်ချုပ်ရေး လူတန်းစားတို့က ထားရှိသော သဘောထားဟု ဆိုနိုင် ပေသည်။ ရှမ်းညီနောင် သုံးဦးတို့အနက် အငယ်ဆုံးနှင့် အထက်မြက်ဆုံးဖြစ်သော သီဟသူရသည် ၁၂၉၅ တွင် ဆင်ဖြူရှင်ဘွဲ့ [၁၄၆] နှင့် ၁၂၉၅ ခု အကုန်လောက်တွင် "ဖုန်းတန်ခိုး အသရေနှင့် ပြည့်စုံ စွာသော သီဟသူရ မည်သော မင်းကြီးသည်"ဟု မင်းကြီးဘွဲ့ကို ခံယူကြောင်း အထက်တွင်ဆိုခဲ့ပြီး ဖြစ်ပါသည်။

တတိယဖွားစော၏ ၁၂၉၉ ခုနှင့် ၁၃၁၀ ခု ထိုး ကျောက်စာ ၂ ခုတွင်

> "အရိမဒ္ဒနာပြည်၌ အစိုးရထသော၊ အလွန်တကယ် ဖုန်းတန်ခိုး ကြီးစွာသော၊ အပြည်ပြည်မှ ဆင်ဖြူသခင်ဟု ကျော်စော ထင်ရှားထသော။ သြိတြိဘဝနာဒိတျာ ပဝရ ဓမ္မရာဇာ မည်သော တရားမင်းကြီး"

ဟု စောနစ်မင်းကို အမှန်းတင်၍ ဘုန်းတော် ဖွဲ့ထားသည်ကို တွေ့ရ၏။ [၁၄၇]

ကျောက်စာတို့တွင် ဤကဲ့သို့အပြိုင် ဘုန်းတော်ဖွဲ့ခဲ့ခြင်းတို့၏ စာကြောင်းတို့ အကြားတွင် တိမ်မြုပ်နေသည့် အခြေခံစိတ်နေသဘောကို ဆန်းစစ်ကြည့်သောအခါ ပုဂံမင်းတို့သာ ခံယူလေ့ရှိသော မင်းကြီးဘွဲ့ကို သီဟသူမင်းက ခံယူလာခြင်း၊ ပုဂံ၏ အရှိန်အဝါနှင့် အစဉ်အလာကို တော်လှန် လာသော့အခါ၊ အခြေအနေအရ အားမတန်သော်လည်း မာန်ကိုမလျှော့ပဲ ပုဂံ၏အရှိန်အဝါဂုဏ်နှင့် အစဉ်အလာကို ကာကွယ်ထိန်းသိမ်းသည့်နည်း ပိုမိုခန့်ညား ပြည့်ဝသောဘွဲ့မည်ကို ပုဂံဖက်က သုံး၍ ချေပထားခြင်းပင်လော်ဟု တွေးထင်ဘွယ်ရာ ဖြစ်ပေသည်။ အမှန်မှာ ထိုခေတ်က ရှမ်းညီနောင် ၃ ဦး

နှင့် ပုဂံမင်း အဆက်အနွယ်များ၊ ကျောက်ဆည်နှင့် ပုဂံတို့သည် အုပ်ချုပ်ရေးအာဏာအတွက် ပြိုင်ဆိုင် နေပုံကို သရုပ်ဖော်ပေးထားခြင်းပင် ဖြစ်ပေသည်။

ကျော်စွာမင်း၏ အနွယ်တို့က အကူအညီတောင်းသဖြင့် ၁၃၀၁ ခုတွင် စစ်သည် ၁၂၀၀၀ နှင့် မြင်စိုင်းကို ဝန်းရံတိုက်ခိုက်လာသော [၁၄၈] မွန်ဂိုလ် စစ်သည်တို့ကို အောင်နိုင်ခဲ့သည့် ရှမ်းညီနောင် ၃ ဦးကို [၁၄၉] မခံချင်စိတ်ဖြင့် ပြိုင်ဆိုင်ဝံ့သူမှာ ကျော်စွာမင်းကြီး၏ မိဖုရားကြီး၊ ကျစွာအနွယ်ဝင် တတိယဖွားစောပင် ဖြစ်ပေသည်။

ဤအချက်ကပင်လျှင် တတိယဖွားစော၏ တည်ကြည်မှု စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် သတ္တိရှိမှုတို့ကို ဖော်ထုတ်ပေးသည့်နှယ်ရှိ၍ မြေးမင်းကြီးစောနစ်၏ ဂုဏ်ပုဒ်ကို ဘုန်းတော်ဖွဲ့ရုံသာ မကသေး မိမိကိုယ်ကိုလည်း

> "အထောင်မကသော အရောင်အဆင်းလှသော မိန်းမတို့ထက် အစိုးရထသော အမိဖုရားစောသည်"

ဟု ဝင့်ဝါစွာ အမှန်းတင်ထားသည်ကို ဆိုခဲ့ပြီး ဖြစ်ပါသည်။ [၁၅၀] တန်ခိုးသြဇာပင် နိမ့်ကျနေလင့်ကစား စိတ်ဓာတ်မှာ တက်ကြွဆဲပင် ရှိနေသော တတိယဖွားစော၏ ဘဝရင်ဆိုင်နိုင်မှု စွမ်းရည်ကို တွေ့မြင်ရပေသည်။

ပုဂံမင်း စောနစ်မှာ အမှန်တကယ် လွန်စွာဘုန်းတန်ခိုးကြီးသည်။ ဆင်ဖြူသခင် ဖြစ်သည် ဆိုရာ၌လည်း မိမိပြည်တွင်သာ ဖြစ်သည်မဟုတ်၊ အပြည်ပြည် အနိုင်ငံငံတွင် ဆင်ဖြူသခင်ဟု ကျော်စော ထင်ရှားမှု ဖြစ်သည်ဟု သီဟသူ၏ ဝင့်ဝါမှုကို တန်ပြန်ရေးသားသော စောနစ်မင်း၏ ဘုန်းတော်ဘွဲ့နှင့်ဆက်၍ မိဖုရားစောသည် မိမိကိုယ်ကို အထက်တွင် ဆိုခဲ့သည့်အတိုင်း အမှန်းတင်ထားခြင်း ဖြစ်သည်။ ကျောက်စာ အခြားနေရာများတွင် အတ္တစွဲနှင့် မိမိကိုယ်၏ ဂုဏ်ကိုဖော်ခြင်းမျိုး အရိပ်အရောင်ပင် မတွေ့ရပေ။ သူ၏ ဆုတောင်းများနှင့် ဆန္ဒဖော်ထုတ်မှုများမှာလည်း ရိုးရိုးနှင့် ဆန်းသည်၊ ချဲထွင်ဖွဲ့နွဲ့ထားခြင်းမျိုးမဟုတ်ပေ။

> "ခပ်သိမ်းသော ဆင်းရဲချုပ်ရာဖြစ်သော မြတ်သော နိဗ္ဗာန်ဆုကို လိုချင်သော ကြောင့်" [၁၅၁]

ဟု ဆန္ဒပြု၍၊

> "ထို၏ မြို့အကြင်မျှလောက် ဘုရားသခင် သာသနာတော်တည်၏၊ ထိုသာသနာတည်သရွှေကာ ဘုရားသင်ပုတ်ဆီမီးဝတ်မပြတ် စိမ့်သောငှါ၊ သူတော်အကျင့် အစီးအပွားကောင်းနှင့်ယှဉ်သော သခင်သင်္ဃာတို့ကို ပစ္စည်း ၄ ပါးစသော ဆေးဝါး အထောက်အပံ့ ဖြစ်စိမ့်သောငှါ ရတနာ ၃ ပါးကို လုပ်ကျွေးစိမ့်သောငှါ" [၁၅၂]

ဟူသော ရည်ရွယ်ချက်ဖြင့်သာ လှူဒါန်းခဲ့ခြင်း ဖြစ်ပေသည်။

သူ၏ ဆုတောင်းတို့မှာလည်း ရိုးရိုးပင် ဖြစ်သည်။

> "ငါလှူသော အလှူကား ဤပြည်၌လွန်လေပြီးသော ငါ့သခင်ရင်းမင်းကြီး၊ ငါ့မြေး မင်းကြီး အမိဖုရားစသော မောင်းမ မိသင် အမတ်တျာ ဗိုလ်ခပ်သိမ်း ရှစပါစေ၏" [၁၅၃]

ဟု အစချီ၍ အနန္ဆစကြာဝဋ္ဌာအထိ အမျှဝေပေသည်။ သူ့အတွက်ကား ဆုတောင်းထားခြင်း မရှိပေ။

သူ၏ ကျိန်စာမှာလည်း "ဘုရားအဖြစ်ဖြစ် မဖူးစေ၊ ငရဲအဝီစိငရဲ ကျက်စေသတေား လူဖြစ်သော်လည်း လူကောင်းမဖြစ် လူပြိတ္တာ ဖြစ်စေသတည်း" [၁၄] ဟု ရိုးရိုးပင် ဖြစ်ပေသည်။

တတိယဖွားစော၏ ဆုတောင်းနှင့် ကျိန်စာတို့ကို ပထမနှင့် ဒုတိယဖွားစောတို့၏ဆုတောင်း ကျိန်စာတို့နှင့် နှိုင်းယှဉ် လေ့လာခြင်းဖြင့် ဖွားစောသုံးဦးတို့၏ စိတ်နေသဘောကို ခန့်မှန်း သိရှိနိုင်ပေမည်။

ဤဖွားစော၏ ပင်ကိုယ်စိတ်မှာ နှိမ့်ချသောသဘော ရှိသည်ဟု ဆိုရပါမည်။ သူ့အမည်ကို ဖွားစောဟုပင် သူ၏ကျောက်စာတို့၌ မရေး။ "အမိဖုရားစော" ဟုသာ ရေးသည်။ [၁၅] အခြားသူများ ရေးထိုးသော ကျောက်စာတို့၌သာ သူ့ကိုအမှန်းတင်၍ ရေးထိုးသည်ကို တွေ့ရ၏။

ဖွားစော၏ ဆုတောင်းပြည့်စေတီ ဒုတိယကျောက်စာ မျက်နှာဖက်အဆုံးတွင် အဝခေတ် လေ့အသျှင်မောင်နှံတို့ ဆက်၍ ရေးထိုးခဲ့သော သက္ကရာဇ် ၇၄၀ (၁၃၇၈) ပါ ကျောက်စာတွင် ဖွားစောအား "ဖုန်းအသရေရှိစ္စာသော မင်းဖွားစော" [၁၆] ဟု ရေးထိုးထားပေသည်။

ပုဂံမြို့ မြင်းကပါရွာမြောက်ဖက် ကူပြောက်ငယ်ခေါ် မဟာထီ ကျောင်း ဘုရားအာရုံခံ မြောက်နံရံတွင် ရေးထားသော သက္ကရာဇ် ၆၇၅ (၁၃၁၃)ပါ ကမ္ဘည်းမင်စာတွင်။

မြတ်စ္စာသခင် ဖွားစောကြီး(စာကြောင်း ၁)။
ဆင်ဖြူသခင်မိဖုရားစောကြီး(စာကြောင်း ၂)။
မြတ်စ္စာသခင် ဖွားစောကြီး(စာကြောင်း ၄)

ဟု ရိုသေလေးစားသော အသုံးအနှုန်းတို့ဖြင့် ခေါ်ဝေါ်သုံးစွဲထားပေသည်။ ဤမင်စာကို ရေးခဲ့သူမှာ ကမ္ဘည်းမင်စာ စာကြောင်း ၂ ပါ မိဖုရားစော၏ စာချီ ဖြစ်သည်။ အမည်မှာ ဖတ်မရနိုင်အောင် ပျက်နေပါသည်။ ဤကမ္ဘည်းမင်စာကို ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးပါ။ (မူရင်းကမ္ဘည်းမင်စာ ဖတ်ကူးချက်တို့ကို စာတမ်းအဆုံးတွင် ပေးထားပါသည်)။

တတိယဖွားစောသည် လုပ်ငန်းဆောင်တာများကို ဝေဖန်တိုက လုပ်ရာ၌၊ စေ့စပ်သေချာသူ၊ အသေးစိတ်နိုင်သူ ဖြစ်ကြောင်း၊ သူလျှူခဲ့သော ပစ္စည်းတို့ကို တနာ ၃ ပါးအတွက် မည်သို့ အသုံးချရမည့်အကြောင်း ဆီမီးထွန်းသည်အထိ အသေးစိတ် စီမံထားပုံမှ သိရှိနိုင်ပေသည်။ [၁၇]

ကျောက်စာတို့တွင် တတိယဖွားစောအကြောင်း နောက်အကျဆုံး သိရသည်မှာ သက္ကရာဇ် ၆၉၆ ခုထိုး၊ (၁၃၃၄) သစ္စာဝတီဘုရား ကျောက်စာမှ ဖြစ်သည်။ [၁၈] ယင်း ကျောက်စာအရ၊ ၁၃၃၄ ခုတွင် တတိယ ဖွားစောပြုသောဂူတွင် ကျွန်လှူကြောင်း သိရ၏။ ဖွားစော ရှိနေသည် မရှိသည်ကိုကား မဆိုသာပါ။ သို့သော် ဖွားစောသာမက စောနှစ်မင်းလည်း ထိုနှစ်တွင် ရှိနေသေးသည်ဟု ယူဆဘွယ်ရာ ဖြစ်ပေသည်။

ပုဂံခေတ် မြန်မာနိုင်ငံ အုပ်ချုပ်မှု တန်ခိုးအာဏာသည် အကွဲကွဲ အပြားပြား ဖြစ်သွား၍ မြန်မာနိုင်ငံ အလယ်ပိုင်း၌ ထိုတန်ခိုးအာဏာ တည်ရာသည် ပုဂံမှ ကျောက်ဆည်ဒေသ၊ ယင်းမှ တာဆင့် ပန်းလောင် မြစ်ဝှမ်း၊ အောက်ပိုင်း ပင်းယသို့ ရွှေ့ပြောင်းသည့်တိုင်အောင် ပုဂံ၏ခန့်ငြားမှု ဂုဏ်ရှိန်နှင့် အစဉ်အလာကို ထိန်းသိမ်းလာခဲ့သူမှာ တတိယ ဖွားစော ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အထက်တွင် ဆိုခဲ့သည့် သစ္စာဝတီ ဂူကြီးမှာ ပုဂံ ဂူဘုရားကြီးတို့အနက် နောက်ဆုံး ဂူဘုရားကြီးဟု ဆိုနုပါမည်။ အတွင်းအပြင် တန်ဆာဆင်မှုမှာ မှေးမှိန် ပျက်စီးနေသည့်တိုင်အောင် ရိုးရိုးနှင့် သပ်ယပ် ခန့်ညားမှုရှိသော ပုဂံပိသုကာ လက်ရာ၏ ထူးခြားသည့် ဝိသေသကို ဆောင်နေပေသည်။

ဤဖွားစော အနိစ္စရောက်သည့် နှစ်ကိုလည်း မသိရသေးပေ၊ ဖွားစော ၃ ပါးတို့တွင်

ပထမ ဖွားစော။ ။ မင်းဝိုင်းဖွားစောသည်၊ နရသိဃ်ဥဇ္ဇနာမင်း လက်ထက် (၁၂၃၀ ခု–၁၂၃၅) မှ နရသီဟပတေ့မင်း လက်ထက်၊ (၁၂၅၆–၈၇) ၁၂၇၃ ခု လောက်အထိ လည်းကောင်း။

ဒုတိယ ဖွားစော။ ။ စောလှဝန်း ဖွားစောသည်၊ နရသီဟပတေ့မင်း လက်ထက် ၁၂၆၂ ခု လောက်မှ ကျော်စွာမင်း လက်ထက်၊၁၂၉၅–၉၆ ခု လောက်အထိ လည်းကောင်း။

တတိယဖွားစော။ ။ သစ်မထီး ဖွားစောသည် ကျော်စွာ မင်းလက်ထက် ၁၂၉၅–၉၆ ခု လောက်မှ စောနစ်မင်း လက်ထက် ၁၃၃၄ ခု အထိလည်းကောင်း အသီးသီး ထင်ပေါ်ခဲ့ကြသည့် ဖွားစောအမည်ခံ ပုဂံခေတ် အမျိုးသမီးကြီးများ ဖြစ်ကြပေသည်။ သူတို့ဘဝတာတွင် ပုဂံခေတ် မြန်မာနိုင်ငံ သမိုင်း၌ အရေးကြီးသော ပြောင်းလဲမှု ဆိုင်ရာ ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့၏။ သူတို့ကိုယ်တိုင်လည်း ပါဝင်ဆင်နွဲခဲ့ကြရ၏။ပြည်ထောင်စု ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်ဖြစ်သော ပုဂံယဉ်ကျေးမှုနှင့် အစဉ်အလာ ပုဂံခေတ်၏ဂုဏ်ရှိန်နှင့် အုပ်ချုပ်မှု အာဏာတို့ကို သူတို့တတ်စွမ်းနိုင်သည့်ဖက်က ပါဝင်ထိန်းသိမ်း ကာကွယ်ပေးခဲ့ကြသော သမိုင်းဝင် အမျိုးသမီးကြီးများ ဖြစ်ကြပေသည်။

ဝန်ခံချက်

ဤစာတမ်းကို ရေးသားရာတွင် အစဉ်အဆက် ဆရာသမားများ ဖြစ်ကြသော ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဂျီ၊ အိပ် (ချ်) လု (စ်) တို့၏ သင်ကြား ပြသမှုများနှင့် ရေးသားမှုများကို နည်းညွှန်လမ်းပြများအဖြစ် များစွာအမှီသဟဲ ပြုရပါသည်။

မြန်မာဘာသာ စကားတွင် စောနှင့် စိုးမှာ ဖလှယ်နိုင်သောဝေါဟာရများ ဖြစ်နိုင်ကြောင်း စာတမ်းရေးသားသူအား ရှေးဦးစွာ အကြံပေးခဲ့သူမှာ ဆရာဦးဝန် ဖြစ်ပါသည်။

ခေတ် တရုတ် ပညာရှိ ရေးသားသော ကျမ်းတို့မှ နန်ကျောက်နှင့် စပ်လျဉ်းသော အထောက်အထားများကို ရှာဖွေပေးသူမှာ သမိုင်းကော်မရှင် တရုတ်စာတော်ဖတ် ဦးရည်စိန် ဖြစ်ပါသည်။

ဤ ပညာရှင်တို့၏ အကူအညီများကို ကျေးဇူးတင်စွာနှင့် ဝန်ခံဖော်ပြပါသည်။

ပုဂံခေတ် ဖွားစောတို့၏ မျိုးနွယ်ပြဇယား



ပုဂံခေတ် ဖွားစောများ

နောက်ဆက်တွဲ "ခ"

သစ်မထီးဖွားစော စာချီ၏ မြင်းကပါ ကူပြောက်ငယ် ကမ္ပည်းမင်စာ

ပုဂံ မြင်းကပါရွာ ကူပြောက်ငယ် ဂူဘုရား၊ အရှေ့အာရုံခံ၏ မြောက်ဖက် နံရံပေါ် တွင်ရှိသော သစ်မထီးဖွားစော စာချီ၏ ကမ္ပည်းမင်စာမှာ၊ တတိယဖွားစောအတွက် မူရင်းအထောက်အထား တခုဖြစ်ပေသည်။ စာကြောင်း ၁၃ ကြောင်းပါ၏။ သက္ကရာဇ် ၆၇၅ ခုနှစ်ရေး မင်စာ ဖြစ်၏။ မင်စာ၏ လက်ျာဖက်ပိုင်းမှာ လွန်စွာ မှေးမှိန်၍ အတော်ပျက်နေသည်။မင်စာပေါ် ရှိ ကြောင်ခြစ်ရေးဆွဲထားမှုများကလည်း ဖတ်ကူးမှုကို များစွာ ခက်ခဲစေပါသည်။

ဤကမ္ပည်းမင်စာတွင် မှ တ်စွာသွိုင်ဖွာ စ်ကြီဖြစ်သော တတိယ ဖွားစော အမည်သာမက။ ကျောင် ဖွ ။မင်၊ ဆင် ဖွ ။သွိုင်၊ နန်ကမင်ကြီတို့ ဖြစ်သော ပုဂံခေတ်မင်းတို့၏ အမည်များကိုပါတွေ့ရ၏။ ဖွားစောအမည်နှင့် ပူးတွဲဖော်ပြထားသော ဆင်ဖွ ။သွိုင်မှာ စောနစ်မင်း ဖြစ်ပါသည်။ နန်ကမင်ကြီးမှာ စောနစ်မင်း၏ဖခင် ကျော်စွာ မင်းကြီးဖြစ်သည်။ အရေးအကြီးဆုံးသောအမည်မှာ ကျောင် ဖွ ။ပင် ဖြစ်သည်။ ကျောင်းဖြူမင်းမှာ အနော်ရထာမင်း၏ ဖခင်ဖြစ်ကြောင်း မြန်မာရာဇဝင်ကျမ်းတို့မှ သိရ၏။ (ဦးကုလား မဟာရာဇဝင်ကြီး ၂ စာမျက်နှာ ၁၆၉) ဦးကုလား ရာဇဝင်တွင် ကြောင်းဖြူမင်းဟု အရစ်နှင့် ရေးသည်။ ယခုထိ တွေ့ရသမျှသော ကျောင်းဖြူမင်းနှင့် ဆိုင်သည့် အထောက်အထားတို့တွင် ဤအထောက်အထားသည် ရှေးအကျဆုံးဖြစ်၏။ ထူးခြားချက်မှာ ကျောင်းဖြူမင်း တည်ထားခဲ့သော ရပ်တိုင်(ရပ်တော်မူ)ရုပ်ပွားတော် အကြောင်းပင်ဖြစ်သည်။အနော်ရထာ ခမည်းတော် လက်ထက်ကတည်းကပင် ပုဂံ၌ ဗုဒ္ဓသာသနာ ရှိနေပြီဖြစ်ကြောင်းကို ဖော်ပြသော, အထောက်အထားဖြစ်ပေသည်။ တူရွင်းတောင်ထိပ်တွင် စောရဟန်းသိမ်(ညောင်ဦးစောရဟန်းသိမ်)ရှိခဲ့သည့် အချက်ကိုပါ ထည့်သွင်းစဉ်းစားလျှင် ညောင်ဦးစောရဟန်း လက်ထက်ကတည်းကပင် သိမ်ရှိနေပြီဟု ဆိုရန်ရှိပေသည်။ (မြန်မာတိုင်းရင်း ကျောက်စာ ပုံ ၃၆)။

သစ်မထီးဖွားစော စာချီ၏ မြင်းကပါ ကူပြောက်ငယ် မင်စာ

(ပုဂံမြို့၊ မြင်းကပါရွာ မြောက်ဖက် ကူပြောက်ငယ်ခေါ် မဟာထီကျောင်းဘုရား အရှေ့အာရုံခံ မြောက်နံရံ အနောက်စွန်းရှိ မင်စာ။)

၁။ (သကရာဇ်) ၆ (၇) ၅ ခု မ္လယ်တာလဆန် ၅ ရျက် ၅ နိယ်မ္လတ်စွာသ္ခိင်ဖွ စိကြိ သ္ခိင် (မမ္ဖ) ရာဇဂုရုကိုဝ်မ္လတ်နိုဝ် တနာလျှင် နိ (ယ်)................ပိယ်ရှယ်

၂။ စိယ်တမူသော၊ လ္လောင်ဖ္လုမြင်ရစတိုင် ဖုရှာသ္ခိင်ဆင်ငြယ်စွာသည်ကိုဝ် မြင် (ရှယ်) ဆင်ဖ္လုသ္ခိင် မိဖုရှာ စိကြိစခိမ (င်) .... (သဒ္ဓာစွာ) ရှယ် ....

၃။ ပ္လု၏ ပြိပိသောပုရှာသ္ခိင်သင်ကန်မပြတ်သင်ပုတ်ဝတ်သင်ကန်ဒုကိုဝ် ပရိက္ခရာဂ(ပါ) သ္ခိင်တိုဝ်ကိုဝ်ပိယ်ရှယ် (ပတိယ်သာ) ... (လျှင်) လှတ်စ၏ (ထိုဝ်သိုဝ်) (ငါ) ပ္လုသအာ

၄။ လ္လိုဝ်ကာ အမိအဖ မျာသ္ခိခပ်သိမ်သော သူလေအ(လ္လို)ဝ်ရစပါစိယ်သတေ။ ....တ(စည်) ....။ သအာမတ်(ကြိ) ....က် နန် လ္လမင်(ကြိ) မ္လတ်စွာသ္ခိင်ဖွာ စိ (ကြိ) ရစစိယ်

၅။ သတေခပ်သိ (သောသ) တ္လလေရစပါစိယ်၏၊ ငတိုဝ် ....မင် ဆျိာလေရစပါ (စိယ်) .... အနေကဇာတိ .... သမ္ဗာရပ္ပဒ်၊ သမ္ဗာရေထ္တာ အနေကေဟိ

၆။ သတ္တာ၊ သဒ္ဒါ-သမ္ဗဒ်၊ အနေကဇာတိသံသာ ေ(၇) ......အ(တိုဝ်)သသ်ရာနိုက်၊ အ(နေကံ)................(ပုည)........................ ကာ ....ည် ....ကြောင်

၇။ အဟံ ငါ.............သမ္ဗဒ်၊ သဒ္ဓာနှင်ပ္လသုံခြင်သိုဝ်၊ ပတ္တောအသ္ခိ၊ ရောက်သော သည်ဖ္လစ်တုံ၏ဖု........ ....(ဿမိ)သွာ ....သတ္တာဗိ(မ္ဗိ)က

၈။ ရောမဟံ၊ ပု(ရှာ) န ....(သော)။ ဒိသမ္လတ်စွာသော လ္လောင်ဖ္လုမြင်။ ဇိဏ္ဏ။ ဆိုဝ်မြှုန်သော (ယံတံ) ရှပကံ (အကြုံ့ပုရှာ) ရပ် (တို)င်ကိုဝ်၊ ဒိသ္ခ(၁)မြင် (ရှ)ယ်.......................န်

၉။ တိုက်တွန်သော ....ကြောင်၊ (တ) သတ္တာမိမ္ဗ၊ ထိုဆိုဝ် မြှုန် သောဖုရှာ အဆင်ပုကိုဝ်၊ အဟံ၊ ဝသည်၊ ကာ (ရော)..........တုံ၏ ....(သဒ္ဓာ) သမ္ဗု (န္ဒိ) .... ဿပု...

၁၀။ ....(သော).....(သ) တေ။ နိုယ်ရပန်ကိုဝ်သည် လေမှတ်နိုဝ် တနာမူသော၊ တံသမ္ဗုဒ္ဓ၊ ထိုဝ်ပုရှာသိင်ကိုဝ် (စဒါသာဇာ) ....လ ....အ ....(အမိဖုရှာ)

၁၁။ ....ထိုဝ်ပုရှာသ္ခိ....အနုဘာဝေန၊ ပုဇိရသ အာနုဘာ အာဖ္လင်၊ အညွန်အဆဲဟုသ (ငြ) ယ် လေကောင်....လေကောင်ဝိနဿ(တု)......ယ် စိယ်သတေ၊

၁၂။ ...သ္ခိင်သည် (စိရံ) အခါလိယ်မ္လင်လျှင်၊ တိဌတု တည္ခိယ်လျှင် တေ။ ...ိုဝ်(ငါ ကိုဝ်)...မုတ္တ...ဆင်ငြယ်မှုလေ၊

၁၃။ နိဗ္ဗ....လျှင်တေ။ သဗ္ဗသဒ္ဓာယသမ္ဗာ ဇန္တော၊ ခပ်သိသောသဒ္ဒါနှင်ပ္လည်ဇံသောသည် သေည်ဖ္လစ်ရလိုဝ်

အညွှန်းကျမ်းများ

၁။ ဦးကုလား၊ မဟာရာဇဝင်ကြီး၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက် (၁၉၃၅) စာမျက်နှာ – ၂၈၉ မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ပဋမတွဲ၊ အထက်မြန်မာနိုင်ငံ သတင်းစာ ပုံနှိပ်တိုက်၊ မန္တလေး (၁၉၀၇) စာမျက်နှာ ၃၄၀။

၂။ ဦး၊ ၂၉၃။ မှန်၊၃၄၂။

၃။ ဦး၊ ၂၈၉–၂၉၀။မှန်၊ ၃၄၀။

၄။ ဦး၊ ၂၉၃။ ဘွားစောအမည်နှင့်ဟု ဆိုသည်။ မှန်၊ ၃၄၂၊ တွင် မိဖုရားစောဟုသာ ခေါ်သည်။

၅။ ဦး၊ ၃၀၃၊မှန်၊ ၃၅၁။

၆။ ဦး၊ ၂၉၅–၂၉၉။ မှန်၊ ၃၄၅–၃၄၈။

၇။ ဦး၊ ၃၀၃–၃၁၇။ မှန်၊ ၃၅၁–၃၆၃။

၈။ ဦး၊ ၃၁၉–၃၂၃။မှန်၊ ၃၆၅–၃၆၉။

၉။ မှန်၊ ၃၇၆–၇။ (ဦး၊ ၌ မပါ။) ၁၀။ ဦး၊ ၃၂၅။ မှန်၊ ၃၇၇။

၁၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ ၃၊ စာမျက်နှာ ၄၃၅၊ ၄၃၇၊ စော၊ မိဖုရား၊ စောနှင့် စော်ခေါင်းစဉ်များ။

၁၂။ LUCE, G. H. Old Burma; MS. P. III[1]; 'Early Syam in Burma's History in Journal of Siam Society, Vol. XLVI, pt. 2, p. 141.

၁၃။ CUSHING, J. N. Shan–English Dictionary, 1914, p. 170
H. W. MIX, English–Shan Dictionary, 1920, p. 646.

၁၄။ P'iao–Chu–ti

၁၅။ အဖအမည်၏ နောက်ဆုံးစကားလုံးကို သားအမည်တွင် ရှေးဦးစကားလုံးအဖြစ် သုံးသော အစဉ်အလာတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မြန်မာရာဇဝင်ကျမ်းများ
ပြူစောထီး၊
ထီးမင်းယဉ်၊
ယဉ်မင်းပိုက်၊
ပိုက်သေလည်၊
သေလည်ကြောင်၊
ကြောင်ဒူရစ်။

(ခ) နန်ကျောက်၊ မန်ရှူကျမ်း။
လော့်ရှေန့်၊
ရှေန့်လောဖီ၊
ဖီလော်ကော့၊
ကော့လော်ဖေင့်၊
ဖေင့်ကျာယီ၊
ယီမိုရွန်။

(ဂ) မရှလူမျိုး၊ လော့ခေါင်ဒေသ
တောင်ခွန်၊
ခွန်ကျုင်း၊
ကျုင်းလုမ်း၊
လုမ်းခွန်း၊
ခွန်လုမ်း။

(ဃ) လရှီလူမျိုး၊ ဂေါလမ်ဒေသ။
လုံချန်၊
ချန်လန်း၊
လန်းတင့်၊
လရှီလူမျိုး၊ ထောဂေါဒေသ။
(ကချင်ပြည်နယ်ကောင်စီ၊ အတွင်းရေးမှူး ဦးဂျီဗုမ်ယင်း၏အနွယ်)
ချန်းဗုဓ်၊
ဗုဓ်ယင်း၊
ယင်းတင်။

၁၆။ မြန်မာတိုင်းရင်း ကျောက်စာ၊ တတိယထုပ်၊ ပုံ ၂၇၃ စာကြောင်း ၁၆ နှင့် စတုတ္ထထုပ်၊ ပုံ ၄၁၇ စာကြောင်း ၂–၃ စသည်များ။

၁၇။ Section on Lu–ch'uan, ch. 314, Ming–shih.
၁၈။ Section on Mu–pang, ch. 315, Ming–shih.
၁၉။ Section on Meng–yang, ch. 315 Ming–shih.
၂၀။ Section on Nu–pang, ch. 315, Ming–shih.

၂၁။ "မိုးမိတ်ရာဇဝင်တော်သစ်" ဦးခေမိန္ဒ၊ ပဒေသရာဇ်ပုံနှိပ်တိုက်၊ တောင်ကြီးမြို့၊ ၁၉၄၈ ခု၊ နောက်ဆက်တွဲ ၄ နှင့် ၅။
၂၂။ Phrya Prachakij Kornchakra, The History of Yonok
မူလထိုင်မှ Banchob Bansidh က အင်္ဂလိပ်ဘာသာသို့ ပြန်ထားသည်။ လက်နှိပ်စက်ကူးမူ၊ စာမူအဆုံးတွင်ပါသော မင်းဆက်ဇယားကိုရှုပါ။

၂၃။ WILHEM CREDNER Cultural and Geographical Observations made in the Ta–Li (Yunnan) Region with special regard to Nanchao problem, Siam Society Publication.
၂၄။ Ming–chia.
၂၅။ Prof. Ts'en Chung–mien.
၂၆။ Sui–t'ang–shmh (The History of Sui and T'ang Dynasties). Higher Education Publishing Society, Peking, 1957.
၂၇။ Yang–chu–mieh.
၂၈။ Chao and chu.
၂၉။ Man–shu (Book of the Southern Barbarians) of Fan Ch'o. Translated by G. H. LUCE, Cornell University Data paper No. 44, 1961. p. 4.
၃၀။ Man–shu–chiao. chu by Prof. HSIANG TA of Peking University.
၃၁။ Pai–i–chuan
၃၂။ Pai–i–chuan, folio Qvo.
၃၃။ Mang–chao, Wang–chii (Mwang–chii) ဟု မ သံနှင့်ဆိုရပါသည်။
၃၄။ Ch'iang.
၃၅။ Sui–t'ang–shih, P. 282.
၃၆။ Somdet.

၃၇။ အစဝ်မင်လှ၊ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၈၆[၉]။
စိုဝ်မင်လှ၊ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၃၃[၂၇]။
၃၈။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၉၊ စာကြောင်း ၂။ မောင်မခင်မိငယ်၊ (၅၆၀–၃)
စာကြောင်း ၁၂၊ မောင်မစဝ်ခင်မိငယ် (၅၆၀–၃)။
၃၉။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၃၈[၇]၊ ၁၃၉[၇]။
၄၀။ ရင်း ပုံ ၂၃၄၊ ၂၃၅။
၄၁။ ရင်း ပုံ ၂၇၂[၂]၊ ၂၇၃၊ ၂၇၄[၂]၊ ၂၇၅။
၄၂။ ရင်း ပုံ ၃၉၀[၈-၇]၊ ၃၉၂[၁၁၊ ၁၂]။
၄၃။ ရင်း ပုံ ၃၉၂[၃၅၊ ၄၁]။
၄၄။ ရင်း ပုံ ၁၅၃ (က)[၁၊ ၆]
၄၅။ ရင်း ပုံ ၃၁[၃]၊ ၃၄[၆]။
၄၆။ ရင်း ပုံ ၁၃၈[၂]၊ ၂၀၀[၁]။
၄၇။ ရင်း ပုံ ၂၃၄၊[၂၇ ၃၂]၊ ၂၄၆[၂]။
၄၈။ ရင်း ပုံ ၁၃၈[၂]၊ ၁၃၉[၃]။

၄၉။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၃၀၂၊ ၁ဖြဉ်၊ ၂၂၀၁၂၊ ၂၅၇၆။
၅၀။ ရင်း ပုံ ၁၃၀၂။
၅၁။ ရင်း ပုံ ၂၀၀၂။
၅၂။ ရင်း ပုံ ၁၉၄၅၁၊ ၂၄၉၆။
၅၃။ ရင်း ပုံ ၁၅၀ဂ၁။
၅၄။ ရင်း ပုံ ၂ဖြ၅၂ ၁ဝ၁၊ ၂၉ဝ၁ ၁၁။
၅၅။ ရင်း ပုံ ၁ဖြ၄၁ ၂။
၅၆။ ရင်း ပုံ ၂၁ဂက၂၊ ၂၁၉ ခ၂။
၅၇။ ရင်း ပုံ ၄ဖြ၁ဉ်။
၅၈။ ရင်း ပုံ ၂ဂ၉၁။
၅၉။ ရင်း ပုံ ၂ဖြ၁။
၆၀။ ရင်း ပုံ ၂ဖြ၂ ၁ဉ်။
၆၁။ ရင်း ပုံ ၂၀၃ ၁ ၂။
၆၁ က။ ရင်း ပုံ ၅၀၀ ကဉ်။
၆၂။ ရင်း ပုံ ၄၁ဂ၂။
၆၃။ ရင်း ပုံ ၃၉၂ ၁ ၆။
၆၄။ ရင်း ပုံ ၂ဂ၆၂။
၆၅။ ရင်း ပုံ ၄၁ဂ၂ ၂ ဉ။
၆၆။ ရင်း ပုံ ၂၉ဝ ခ ဉ်။
၆၇။ ရင်း ပုံ ၂၃၄၊ ၂၃ဉ်။

၆၀။ Journal of the Burma Research Society, Vol. XXV. Part III p. 185 (1935).
၆၉။ Ibid. Vol. XXVI, part iii, p 136 (1936).

၇၀။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၄၄ ၁ ၁။
၇၁။ ရင်း ပုံ ၁၄ဉ ၁ ၄။

၇၂။ Journal of the Burma Research Society, Vol. XXV. Part III. p. 185.

၇၃။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁၃ဂ ၂ ဉ။
၇၄။ မဟာရာဇဝင်ကြီး ၁၊ ဦးကုလား၊ (၁၉၃ဉ)၊ စာမျက်နှာ ၂၅၄–၉။
၇၅။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၁ဖြ၂ ၁ ။
၇၆။ ရင်း ပုံ ၂၃ဉ ၁ ၁ ၁ ၁ ။
၇၇။ ရင်း ပုံ ၂၃ဉ ၁ ။
၇၈။ ရင်း ပုံ ၂၃၄ ၂ ၄ ။
၇၉။ ရင်း ပုံ ၁၃ဂ။ ပုဂံပြတိုက် ကျောက်စာအမှတ် ၄၀။
၈၀။ ရင်း ပုံ ၁၄ဉ ၁ ။
၈၁။ ရင်း ပုံ ၁ဉ၂ ။
၈၂။ ရင်း ပုံ ၁ဖြ၂ ၂ ။
၈၃။ ရင်း ပုံ ၁ဉ၂ ။
၈၄။ ရင်း ပုံ ၁ဝ၂ ၂ ။

၈၅။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၃၉[1]။
၈၆။ ၎င်း ပုံ ၁၅၈[1]။ ၂၉၆[2]။
၈၇။ ၎င်း ပုံ ၂၄၉[1,4]။
၈၈။ ၎င်း ပုံ ၁၉၄[1]။
၈၉။ ၎င်း ပုံ ၂၃၄၊ ၂၃၅။
၉၁။ ခုဒ္ဓကနိကာယ်၀င်၊ ဝိနည်းပိဋကတ်၊ မဟာ၀ဂ်ပါဠိတော်၊ မြန်မာပြန်။ မြန်မာနိုင်ငံပုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၊ ၁၃၁၈။ စာမျက်နှာ ၃၄၆။ ဘေသဇ္ဇကွန္ဓက၊ အပိုဒ် ၂၉၉။
၉၁။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၆၈[1,2]။
၉၂။ ၎င်း ပုံ ၂၇၂[1]၊ ၂၇၃[1]၊ ၂၇၄[1]၊ ၂၇၅[1]။
၆၃။ ၎င်း ပုံ ၂၇၃[1,2,3,4]။
၉၄။ ၎င်း ပုံ ၂၇၅[1,2]။ မင်းယောက္ခမသရိယ်၊ ၂၉[1]။
၉၅။ ၎င်း ပုံ ၂၁၈ က[1]၊ ၂၁၉ ခ[3]။
ပုံ ၂၉၆[3] တွင် ''ထိုယူသနှစ်'' (၆၁၇) အကြေဒလလားရာ ပျံတော်မူလေ၏။ သားပန်းပွတ်သည် မြေးရှေတောင် တက်လေ၏'' ဟု - ဆိုထားချက်တွင် မင်းယဉ်၏အကြောင်း လုံးဝမြှုပ်နေသည်ကို တွေ့ရပါမည်။
၉၆။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၉၆[2]။
၉၇။ ၎င်း ပုံ ၂၁၅ ခ[1,2]။
၉၈။ ဥဇနာမင်း ဒလတွင် နတ်ရွာစံ၍ နရသီဟပတေ့မင်းဖြစ်ပြီး၊ ဒလမှပုဂံသို့ ပြန်ရောက်ပြီးသောအခါ ''သကရစ် ၆၁၈ ခု၊ အာသနှစ် နယုန်လတွင်'' သရိယ်ကို မင်းယောက္ခမအဖြစ် ပေါ်ပြထားသည်ဖြစ်ရာ၊ ရတနာ့ပုံ မိဖုရားမှာ နရသီဟပဘော့မင်းဖြစ်သော အချိန်လောက်တွင် မိဖုရားကြီးဖြစ်နေသည်ဟု ဆိုနိုင်ပေသည်။ ပုံ ၂၉၆[3,1,2] ကိုရှုပါ။
၉၉။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၀၃[1,2,3]။
၁၀၀။ ၎င်း ပုံ ၂၇၂[1]၊ ၂၇၄[1]။
၁၀၁။ ၎င်း ပုံ ၂၇၃[1,2]။
၁၀၂။ ၎င်း ပုံ ၂၇၂[1,2,3]၊ ၂၇၄[1,2,3]။
၁၀၃။ ၎င်း ပုံ ၂၇၂[1,2,3,4]။
၁၀၄။ ၎င်း ပုံ ၂၇၂[1,2]။
၁၀၅။ ၎င်း ပုံ ၂၇၂[1,2,3,4]။
၁၀၆။ ၎င်း ပုံ ၂၇၂[1,2]၊ ၂၇၅[1,2,3]။
၁၀၇။ သွင်ရစသူဖွားစဝ်၊ (၂၇၂[1])၊ မင်းရစသူမိ (၂၇၂[2])၊ သွင်ရဇသူဘွားစ် (၂၇၄[1])၊ ရာဇသူအတွက်၊ ပုံ ၂၇၂[1,2,3,4,5] စသည်တို့ကိုရှုပါ။
၁၀၈။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၇၄[1,2]။
၁၀၉။ ၎င်း ပုံ ၂၇၂[1,2]၊ ၂၇၃[1,2,3,4]။
၁၁၀။ ၎င်း ပုံ ၂၇၂[1]၊ ၂၇၄[1,2,3]။
၁၁၁။ ၎င်း ပုံ ၂၇၂[1,2]၊ ၂၇၄[1,2]။
၁၁၂။ ၎င်း ပုံ ၂၇၂[1,2]၊ ၂၇၄[1,2]။
၁၁၃။ ၎င်း ပုံ ၂၇၂[1,2,3,4,5]။
၁၁၄။ ၎င်း ပုံ ၂၇၂[1,2,3,4,5]
၁၁၅။ ၎င်း ပုံ ၂၇၂[1,2,3,4,5]
၁၁၆။ ၎င်း ပုံ ၂၇၂[1,2,3,4,5]
၁၁၇။ ၎င်း ပုံ ၂၁၅[1] (ဂ)[2] ၄ ၁၁၆ ကိုလည်းရှုပါ။

၁၁၈။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၈၅[ခ]။
၁၁၉။ ၎င်း ပုံ ၂၉၁[ခ]။
၁၂၀။ ၎င်း ပုံ ၂၇၄[ခ-ဃ]။
၁၂၁။ ၎င်း ပုံ ၂၇၅[ခ-ဃ]။
၁၂၂။ ၎င်း ပုံ ၃၉၂[ခ၊ ဃ၊ ၆]။
၁၂၃။ ကျော်စွာမင်းမှာ ကျောက်စာတို့တွင် တလသူကြီ (ပုံ ၃၉၂[ခ])။ ရှယ်နန်သျင် (၂၈၇ က[၄])၊ ဓမ္မရစ် (၂၇၄[ခ])၊ နန်ကျမင် (၂၈၆[ခ]) စသည်ဖြင့် တွင်ခဲ့သောမင်းဖြစ်ပေသည်။ ကျော်စွာမှာ ကျောက်စာ လာကျွတ်စွာ (ပုံ ၅၈၀ က[၁]) ပင်ဖြစ်ပေသည်။
၁၂၄။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၈၆[ခ]။ နန်းပင် ကျနေပြီဖြစ်သော်လည်း သာသနာ့ဒါယကာအဖြစ် သာသနာရေးအခမ်းအနားတွင် ပါဝင်ခဲ့ခြင်း ဖြစ်ဟန်တူသည်။
၁၂၅။ မြန်မာတိုင်းရင်းကျောက်စာများ၊ ပုံ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၄။
၁၂၆။ LUCE, G H The Early Syam in Burma's History, Journal of the Siam Society, Vol XLVI, part 2, August 1958, p. 154 notes 195–200.
တတိယဖွဲ့စေ၊ P. 158 ဤစာတမ်းတွင် ပုဂ်ခေတ်နောက်ပိုင်းဖြစ်စဉ်များကို ကျောက်စာ၊ တရုတ်စာပေ၊ အထောက်အထားများအရ ပြည့်ပြည့်စုံစုံဖော်ပြထားလေသည်။
၁၂၇။ ယိုးဒယားအသင်းဂျာနယ်၊ အတွဲ ၄၆၊ အပိုင်း ၂၊ စာမျက်နှာ ၁၅၄ မှ ၁၅၇ ထိ
၁၂၈။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၂၉၀ ခ[၁]၊ (၁၂၉၉)။
သိရိကြီဘဝနာဒိတြ၂ဃဝရခမ္မရာဇာမင်လုလင်။ ပုံ ၂၉၂[ခ] (၁၂၉၉)။
၁၂၉။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၃၉၀[ဂ]။
၁၃၀။ ၎င်း ပုံ ၃၉၀[ခ၊ ၆]။
၁၃၁။ ၎င်း ပုံ ၃၉၀[ခ]။
၁၃၂။ ၎င်း ပုံ ၃၉၁[ခ]။
၁၃၃။ ၎င်း ပုံ ၃၉၂ စာကြောင်း ၁၈ နှင့် ၂၁။
၁၃၄။ ၎င်း ပုံ ၃၉၂ [၁၂–၁၄]။
၁၃၅။ ၎င်း ပုံ ၃၉၂ [ခ]။
၁၃၆။ ယိုးဒယားအသင်းဂျာနယ်၊ အတွဲ ၄၆၊ အပိုင်း ၂ စာမျက်နှာ ၁၅၈။
၁၃၇။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၃၉၃[ခ]။
၁၃၈။ ယိုးဒယားအသင်းဂျာနယ်၊ အတွဲ ၄၆၊ အပိုင်း ၂ မှတ်စု ၂၅၆။
မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၄၅၁၊ [၁–၄] နှင့်လည်းနှိုင်းယှဉ်ပါ။
၁၄၀။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၄၁၃[ဂ–၁၀]။
၁၄၁။ ၎င်း ပုံ ၃၉၅[ခ]။
၁၄၂။ ၎င်း ပုံ ၃၉၀[ခ]။
၁၄၃။ ၎င်း ပုံ ၃၉၀[ခ၊ ၁၆၊ ၁ဆ]။
၁၄၄။ ၎င်း ပုံ ၃၉၂ [ခ–ဃ]။
၁၄၅။ ၎င်း ပုံ ၃၉၂ [ခ–ဃ]။
၁၄၆။ အထက်မှတ်ချက် ၁၁၇ နှင့် ယိုးဒယားအသင်းဂျာနယ်၊ အတွဲ ၄၆၊ အပိုင်း ၂ မှတ်စု ၂၀၀ ကိုလည်းရှုပါ။
ပုံ ၄၀၆ က[ခ] (၁၃၀၀) တွင်ပါသော ဆင်ဖွ||ဘွဲ့ခ်ိန်မှာလည်း သီဟသူကိုပင် ဆိုလိုဟန်တူ၏။ ပုံ ၄၁၆ က[ခ] (၁၃၁၃) ထွင်မူ သီဟသူရခမ္မရာဇာ်ဆင် ဖွ||ဘွဲ့ခ်ိန် တရုတမင်ဟု အထင်အရှားဆိုထားပေသည်။
၁၄၇။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ ၃၉၀[ဂ]၊ [ခ] (၁၂၉၉)။ ပုံ ၄၁၃[ခ]။
၁၄၈။ ယိုးဒယားအသင်းဂျာနယ်၊အတွဲ ၄၆၊ အပိုင်း ၂ စာမျက်နှာ ၁၆၁–၂။
၁၄၉။ ယင်းအညွှန်း ၎င်း စာမျက်နှာ ၁၁၆–၃။

၁၅၀။ မြန်မာတိုင်းရင်းကျောက်စာ၊ ပုံ၊ ၃၉၀$^{၆-၇}$၊ ၄၁၃$^{၇-၈}$။
၁၅၁။ ရင်း ပုံ ၃၉၀$^{၇-၈}$၊ ၄၁၃$^{၈-၉}$။
၁၅၂။ ရင်း ပုံ ၃၉၀$^{၂၁-၂၃}$။
၁၅၃။ ရင်း ပုံ ၃၉၃$^{၃၃-၃၇}$။
၁၅၄။ ရင်း ပုံ ၃၉၃^{၄၁}။
၁၅၅။ ရင်း ပုံ ၃၉၀^{၇}၊ ၄၁၃^{၈}။
၁၅၆။ ရင်း ပုံ ၃၉၂^{၃၅}။
(ဖုန်အသရေဟိစ်စွာသောမင်းဖွာစ်)
၁၅၇။ ရင်း ပုံ ၃၉၃$^{၂၁-၃၃}$။
၁၅၈။ ရင်း ပုံ ၄၅၁။